ကြေးမုံ
The Mirror Daily
(၁၉၅၇) ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည် Established in 1957

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက်၊ တနင်္ဂနွေနေ့။ Sunday, 1 November 2020 ၁၀၁၈၃

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်စဉ်။

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကင်းဝေးပြီး ကိုယ်ကျန်းမာစိတ်ချမ်းသာရေး ရည်မြော်တွေးလျက် ၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ဘူမိနက်သန်အောင်မြေအမှန်ဖြစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့သည် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်ပူဇော်တော်မူကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲနှင့် မဲဆန္ဒရှင်ပြည်သူများ၏ လှုပ်ရှားခံစား ရင်တွင်းစကား**

စာမျက်နှာ » ၅

**ကိုယ့်စည်းကိုယ့်ကမ်း မပျက်တမ်း လိုက်နာဘေးကင်းရ**

စာမျက်နှာ » ၉


**ဂိုနီတိုင်ဖုန်းမုန်တိုင်း ချဉ်းကပ်လာသည့်အတွက် ပြည်သူ နှစ်သိန်းကျော်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဖိလစ်ပိုင်အစိုးရ ညွှန်ကြား**

စာမျက်နှာ » ၁၂

## လေဖိအားနည်းရပ်ဝန်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း (မြန်မာ့ကမ်းလွန်)တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



ကြေးမုံ

## ပညာသည်သာ တိုးတက်မှုအဖုံဖုံကို ဖန်တီးနိုင်

တိုင်းပြည်တစ်ပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးတို့တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး စသည်တို့ကို ဖန်တီးတည်ဆောက်ကြရာ၌ သက်ဆိုင်ရာကဏ္ဍအလိုက် အားကောင်းခိုင်မာသည့် စည်းကမ်းစနစ်ကောင်းမွန်မှုနှင့် တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်မှုအားကောင်းသော လူသားအရင်းအမြစ်များ တက်ညီလက်ညီ ပါဝင်လာရန်လိုအပ်ပါသည်။

တိုင်းပြည်တစ်ပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရုပ်ပိုင်းဆိုင်ရာကဏ္ဍအပိုင်း၌ ဖွဲ့စည်းတည်ဆောက်မှုကောင်းမွန်သည့် စည်းကမ်းနှင့်စနစ်တို့ကို ဦးစွာကတည်းက ခိုင်ခိုင်မာမာ တည်ဆောက်ထားရန် လိုအပ်ပါသည်။ စိတ်ဓာတ်ပိုင်းဆိုင်ရာတွင် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်စွမ်းမြင့်မားသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်လိုအပ်သည်။ ထိုတိုင်းပြည်၏ နိုင်ငံသားအားလုံးနှင့်ပတ်သက်၍မူ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးတစည်းတလုံးတည်း ပါဝင်ကြရန်လိုအပ်ပါသည်။

ထိုအယူအဆ လုပ်ထုံးလုပ်နည်းများကို ၁၉ ရာစု အစောပိုင်းကာလကတည်းက အနောက်နိုင်ငံများက ကြံဆကြိုးပမ်းနိုင်ကြပြီး ရာစုနှစ်တစ်ခုအတွင်း ထိပ်တန်းနိုင်ငံများဖြစ်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉ ရာစုနှောင်းပိုင်းမှစ၍ မိမိနိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း တစည်းတလုံးတည်းမရှိခြင်းနှင့် အခါနှောင်းခဲ့ခြင်းတို့ကြောင့် တိုင်းပြည်မှာ ရှေ့ဆက်မတက်နိုင်တော့ဘဲ တိုင်းတစ်ပါးကျွန်ဘဝသို့ပင် ရောက်ခဲ့သည့်အဖြစ်ကို ကြုံခဲ့ရသည်။

ဆိုလိုချင်သည်မှာ နိုင်ငံတကာအဆင့်မီ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်မှုမြင့်မားသော ပညာတတ်(လူ့စွမ်းအားအရင်းအမြစ်) များ အချိန်အခါအလိုက် တစုတဝေးတည်း ပေါ်ထွန်းလာပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဝိုင်းဝန်းသယ်ပိုးနိုင်ရေး ဖြစ်သည်။ ၁၉ ရာစုတွင် ကမ္ဘာ့နိုင်ငံအချို့က မိမိတို့နိုင်ငံ အကျိုးဖြစ်ထွန်းရေးအတွက် ထိုးဖောက်ကြိုးပမ်းနိုင်ခဲ့ကြပြီး ၂၀ ရာစု၊ ၂၁ ရာစုများတွင် ကမ္ဘာ့နိုင်ငံများက ယင်းတို့ကို သင်ခန်းစာဖော်ထုတ်ကာ မိမိတို့နိုင်ငံများ ကိုယ်စီကိုယ်စီတိုးတက်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

တိုးတက်ဖြစ်ထွန်းမှုအားလုံးတို့၏ အခြေခံကျသည့်အရင်းအမြစ်သည် ပညာပင်ဖြစ်သည်။ ပညာတတ်ရန်၊ ပညာအဝန်းအဝိုင်းမှတစ်ဆင့် အတွေးအခေါ်ကောင်းများ ပေါ်ထွက်လာရန်လိုအပ်သည်။ အတွေးအခေါ်ကောင်းမှ အလုပ်အကိုင်ကောင်းများရရှိမည်။ အတွေးအခေါ်မှန်မှ အလုပ်အကိုင်မှန်များ ဖြစ်လာမည်။ သမားရိုးကျတွေးခေါ်လျှင် သာမန်အခြေအနေမျှဖြင့် ရပ်တည်နိုင်မည်။ ထိုးထွင်းတီထွင်ကြံဆ ထူးချွန်ပြောင်မြောက်အောင် တွေးခေါ်ကြိုးပမ်းနိုင်မှသာလျှင် သာမန်အဆင့်ထက် မြင့်တက်၍ တိုးတက်သည့်လူမျိုး၊ တိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာမည်။

မြန်မာနိုင်ငံ၌ နိုင်ငံနှင့်နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကောင်းရှိခဲ့ပါသည်။ ယင်းမှာ ရန်ကုန်တက္ကသိုလ်ကြီးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် ပညာအမွေပေးရာ ရပ်ဝန်းကြီးအဖြစ် စတင်အခြေတည်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်အား တည်ထောင်ရာတွင် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးများ၏ စည်းမျဉ်းစည်းကမ်း၊ နည်းစနစ်များအတိုင်း တည်ထောင်ခဲ့သည်။ တက္ကသိုလ်ဖွဲ့စည်းတည်ဆောက်မှု၊ ပညာသင်ကြားမှုအားလုံးတို့ကို အဆင့်မြင့်မြင့်စနစ်တကျ ဖန်တီးနိုင်ခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြသူများသည် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက်ဟူသော ခံယူချက်ဖြင့် ပညာသင်ကြားခဲ့သည်။ တွေးခေါ်မြော်မြင်ကြံဆ အားထုတ်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်နှင့် ပညာအမွေဆက်ခံသူများသည် နိုင်ငံ၏အနာဂတ်ကောင်းကျိုးအတွက် အမှန်တကယ်ပင်ရေးရှူနိုင်ခဲ့သည်။ သို့သော် ခေတ်ကာလပြောင်းလဲမှုများနှင့် ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုများ၏ နောက်ဆက်တွဲအကျိုးဆက်များ၌ ပညာမှပေးသော တွေးခေါ်မြော်မြင် တီထွင်ကြံဆဖန်တီးနိုင်စွမ်းများ အားနည်းလာခဲ့သည်ကို တွေ့ရသည်။ စနစ်ကျကောင်းမွန်သည့် ပညာရပ်ဝန်းသည် အလွန်အရေးကြီးသည်ကို သိမြင်ပြီး တွေးခေါ်မြော်မြင် တီထွင်ကြံဆမှုကိုအခြေခံသော ပညာရေးစနစ်ကို ဦးတည်လျက်ရှိသည်။ ပညာအမွေပေးဝေရာ ရန်ကုန်တက္ကသိုလ်ကြီးကိုလည်း တစ်ချိန်က ထင်ရှားကျော်ကြားသော ရန်ကုန်တက္ကသိုလ်ကြီးကဲ့သို့ ပြန်လည်ဖြစ်ပေါ်လာအောင် ကြိုးပမ်းအားထုတ်နေကြသည်။

သို့ဖြစ်ရာ ပညာသည်သာ တိုင်းပြည်အတွက် မကုန်မခန်းနိုင်သော အရင်းအမြစ်များ၊ ပညာမှသာ တိုင်းပြည်တိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာအောင် ဖန်တီးနိုင်သည်ဖြစ်ရာ မျိုးဆက်သစ်တာဝန်ရှိသူများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အတိတ်က ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာများနှင့်ပညာဂုဏ်ရည်များကို အတုယူအားကျပြီး အနာဂတ်တွင် အတိတ်ကကဲ့သို့ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော တက္ကသိုလ်ဖြစ်အောင်၊ နိုင်ငံတကာနှင့် တန်းတူလိုက်နိုင်သော ပညာတတ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အားဖြည့်ကြမည့် ရှမ်းပြည်နယ်မှ သူနာပြုများအား ထောက်ပံ့

**တောင်ကြီး အောက်တိုဘာ ၃၁**

ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ရောဂါ ကုသရေး လုပ်ငန်းများတွင် သွားရောက်ကူညီအားဖြည့်ကြမည့် ရှမ်းပြည်နယ်မှ သူနာပြု ၄၀ အား ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးက ထောက်ပံ့ငွေကျပ်သိန်း ၈၀ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက်က ကော်မတီရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

လှူဒါန်းပွဲတွင် ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အလှူငွေပေးအပ်လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး သူနာပြု ၄၀ အတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၈၀ ကို ထောက်ပံ့လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးမှူး ဒေါ်သူဇာချစ်တင်နှင့် သူနာပြုများက လက်ခံရယူကြသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသည် ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သွားရောက်အားဖြည့်ကြသည့် ရှမ်းပြည်နယ်အတွင်းမှ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးအတွက် အလှူငွေကျပ်သိန်း ၁၅၀၊ စစ်စံထွန်းဆေးရုံကြီး ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲရှာဖွေရေးဌာနမှ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးအတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်းအလှူငွေကျပ် သိန်း ၂၀၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံစေလွှတ်သည့် သူနာပြု ၂၀ အတွက် အလှူငွေကျပ်သိန်း ၄၀ ကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း လှူဒါန်းခဲ့ပြီး ယခုတတိယအကြိမ်အဖြစ် ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကျော်**




## ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများ၌ တာဝန်ထမ်းဆောင်ရန် မကွေးတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်း ၂၅ ဦး ထွက်ခွာ

**မကွေး အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးတက္ကသိုလ်(မကွေး)မှ လက်ထောက်ကထိက ဒေါက်တာထက်ထက်အောင် (ဆေးပညာ)ဦးဆောင်ကာ လက်ထောက်ဆရာဝန် လေးဦးနှင့်အတူ အထက်တန်းသူနာပြုနှင့်သူနာပြု ၂၀ ပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်ရန် ယမန်နေ့ ည ၁၁ နာရီက မကွေးမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းအဖွဲ့သည် ရန်ကုန်မြို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများဖြစ်သည့် ဒဂုံမြို့သစ် တောင်ပိုင်း၊ သုဝဏ္ဏ၊ ဒဂုံဆိပ်ကမ်းစသည့် ကုသရေးစင်တာများတွင် တစ်လတာ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်း ဒေသကြီးက ရန်ကုန်မြို့ ကိုဗစ်-၁၉ ကုသရေးစင်တာတွေမှာ တာဝန်ထမ်းဆောင်နိုင်ရန် ငါးကြိမ်မြောက် စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်ခဲ့သည့် တိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်း ၉၀ ကျော်ရှိပြီဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**



MYANMAR Digital News
Presented by MPI
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

မြတ်စွာဘုရားရှင်အား ဦးထိပ်ထား၍ သာသနာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက မေတ္တာ၊ ကရုဏာ ရှေ့သွားပြုပြီး အားကောင်းသော အရံအတား ပရိတ်တော်များဖြစ်သည့် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ အာဋ္ဌာနာဋိယသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တော်နှင့် အနန္တရာယိက အန္တရာယ်ကင်း ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။

**ရွတ်ဖတ်ပူဇော်**

သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် (၁၇-၉-၂၀၂၀)ရက်နှင့် တော်သလင်းလပြည့် (၁-၁၀-၂၀၂၀)ရက်တို့၌လည်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်တွင် ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်ပူဇော်တော်မူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၂ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

**ငါးပါးသီလဆောက်တည်**

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ ဆရာတော်ကြီးထံမှ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဌေးနှင့် ဦးညွန့်သင်းတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။





ယနေ့ကျင်းပသည့် ရွှေတိဂုံစေတီတော်၏ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်မင်းလတ်**
**ဓာတ်ပုံ-ထွန်းထွန်းခိုင်**



## အမေရိကန်နိုင်ငံရှိ မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ရောဂါပြန့်ပွားမှုအား ကာကွယ်၊ထိန်းချုပ်၊ကုသရာတွင်အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် အခြေချနေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအသိုက်အဝန်းမိသားစုများက N95 Face Mask ၇၃၀၀၊ Surgical နှင့် Disposable Face Mask ၈၄,၀၀၀၊ Face Shield ၉,၁၀၀ နှင့် Disposable CPE Gown ၅၄၀ အပါအဝင် အခြားကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ မြန်မာအသိုက်အဝန်းမိသားစုများက လှူဒါန်းခဲ့ကြသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်က လက်ခံရယူခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် အောက်တိုဘာ ၂၅ ရက်တွင် ကာတာလေကြောင်းဖြင့် ပို့ဆောင်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံသို့ ချောမွေ့စွာ ရောက်ရှိခဲ့သည်။ အဆိုပါ လှူဒါန်းပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောင်တရားမြို့၌ တန် ၂၀၀၀ ဆံ့ အာလူးအအေးခန်းတည်ဆောက်ရေး ဥရှုတိုင်စိုက်ထူ

**နောင်တရား အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့၌ Naungtayar Potato Group Co.Ltd က တည်ဆောက်လျက်ရှိသည့် တန် ၂၀၀၀ ဆံ့ အာလူးအအေးခန်း တည်ဆောက်ရန်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ နောင်တရားအာလူးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဆန်းဦးနှင့် အာလူးစိုက်တောင်သူများက ယနေ့နံနက်ပိုင်းတွင် ဥရှုတိုင်အား အမွှေးနံ့သာနှင့် မင်္ဂလာရေများ ပက်ဖျန်း၍ စိုက်ထူကြသည်။

အာလူးစိုက်တောင်သူများ အာလူးဈေးကွက်ကို မိမိတို့တောင်သူလက်ဝယ်တွင် ထိန်းသိမ်းထားနိုင်စေရန်နှင့် မျိုးအာလူးများကို ထိန်းသိမ်းနိုင်စေရန် အအေးခန်းလိုအပ်သည့်အတွက် တန် ၂၀၀၀ ဆံ့ အာလူးအအေးခန်းကို ဒေသဦးစီးဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် အာလူးစိုက်တောင်သူများ၏ စုပေါင်းထည့်ဝင်ငွေများနှင့် လုပ်ငန်းရှင်များစုပေါင်းပြီး အများပိုင်အဖြစ် တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါ အာလူးအအေးခန်းတည်ဆောက်ခြင်းအတွက် ကုန်ကျငွေ သိန်းပေါင်း နှစ်သောင်းခန့်ကုန်ကျမည်ဟု သိရသည်။

**အာလူးအများဆုံးစိုက်ပျိုးသည့် ဒေသ**

နောင်တရားဒေသသည် မြန်မာနိုင်ငံတွင် အာလူးအများဆုံးစိုက်ပျိုးသည့် ဒေသဖြစ်ပြီး အာလူးအအေးခန်း တည်ဆောက်ပြီးစီးသွားပါက အာလူးစိုက်တောင်သူများ ဈေးကွက်ပုံမှန်ရရှိခြင်း၊ မျိုးအာလူးများကို ကြာရှည်ထိန်းသိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(ပြန်/ဆက်)**

■





ဖျာပုံမြို့နယ် မော်ဘီကျေးရွာရှိ ရတနာထွဋ်ခေါင် ရွှေဘုန်းအောင်စေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ညပိုင်း၌ မီးအလှများ ထွန်းညှိပူဇော်ထားသည်ကို အောက်တိုဘာ ၃၁ ရက်က ဖူးတွေ့ရစဉ်။ သပြေထွန်း

## သီတင်းကျွတ်ည

* ကြာငါးမည်ကြိုင်လှိုင်သင်း
ကျွတ်သီတင်းတူရာသီ
ထူးမြတ်လှသည်၊
တာဝတိံသာမှ
သင်္ကဿနဂိုရ်လူ့ပြည်
ကြွချီတော်မူ မြတ်ဗုဒ္ဓ၊
လင်းရောင်ရှိန်ထိန်ထိန်ညီး
မီးပူဇော်ကြ။

* လမြတ်အမွန်ကုသိုလ်အထူးနဲ့
ကွန့်မြူးတဲ့ မီးမြင်းမိုရ်
အလင်းနဲ့ကြိုဆို၊
ပဉ္စသိခ်နတ်သားစောင်းသံချို
ဗုဒ္ဓကိုပူဇော်တဲ့ည၊
"အဘိဓမ္မာအခါတော်နေ့"
လပြည့်ခါသမယ။

* ခြံရံကြွရာ နတ်ဗြဟ္မာအပေါင်းနှင့်
စောင်းတန်းသုံးခုရှုမငြီးပေ
ပတ္တမြား၊ ရွှေ၊ ငွေ၊
ဘုန်းတော်ကြီးစွ တင့်ပအသရေ
မြတ်ပရမေကို ဖူးမြော်မဝ၊
ဆီမီးရောင်ဖြာ ဝါလကင်းလွတ်
သီတင်းကျွတ်ည။ ။

အောင်မြင့်စိုး(ရေစကြို)

## ထန်းတပင်မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စင်တာများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ သွားရောက်လှူဒါန်း

**ရန်ကုန်  အောက်တိုဘာ  ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် လမ်းဦးစီးဌာန ဝန်ထမ်းမိသားစုတို့က ရောဂါကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေကျပ် ငါးသိန်းတို့ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ လာရောက်လှူဒါန်းပေးခဲ့ကြပြီး ယနေ့ နံနက်ပိုင်းက လှူဒါန်းထားရှိသည့် ရောဂါကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများကို အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာလေးခုနှင့် တက်သစ်တိုက်နယ်ဆေးရုံသို့ မြို့နယ်တာဝန်ရှိသူများက ပြန်လည်သွားရောက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

လှူဒါန်းမှုများ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းနှင့် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းတို့က ရန်ကုန်မြောက်ပိုင်းခရိုင် လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန်းငွေနှင့် ဝန်ထမ်းမိသားစုတို့မှ စုပေါင်းလှူဒါန်းထားရှိသည့် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ရောဂါကြိုတင်ကာကွယ်ရေးသုံးဝတ်စုံများ၊ ဆေးဖျန်းပုံးနှင့် ဆေးရည်များ၊ ခေါင်းစွပ်များ၊ လက်သန့်ဆေးရည်များနှင့် အလှူငွေကျပ်ငါးသိန်းတို့ကို မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တက်သစ်တိုက်နယ်ဆေးရုံနှင့် အထက (ထန်းတပင်)၊ အထက(ခွဲ)အုတ်ဖို၊ အထက(ခွဲ) အတွင်းရေကျော်နှင့် အလက(ခွဲ) ရွာသစ်အခြေခံပညာကျောင်းစင်တာလေးခုတို့မှ တာဝန်ရှိသူများထံသို့ ပြန်လည်ခွဲဝေလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခေတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အခြေခံပညာကျောင်း အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာလေးခု၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တက်သစ်တိုက်နယ်ဆေးရုံတို့တွင် အသွားအလာကန့်သတ်ထားရှိကာ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)





❂ ကိုဗစ်-၁၉ မှ

ယနေ့ ရောက်ရှိသော ပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များ၊ Medical Cap များ၊ Boots များနှင့် PPE Medical Protective clothing များဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

## ပုသိမ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး မြို့အဝင် / အထွက်ဂိတ်များ၌ နေ့စဉ် ကြပ်မတ်စစ်ဆေး

**ပုသိမ်  အောက်တိုဘာ  ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များအား နေ့စဉ် ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား ခရီးစတင်ထွက်လာသည့်ဒေသနှင့် သွားရောက်မည့်ဒေသများကို မှတ်တမ်းရယူခြင်း၊ ခရီးသွားထောက်ခံစာပါ၊ မပါ စစ်ဆေးခြင်းတို့အပြင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး အသိပညာပေးခြင်း၊ ဆိုင်ကယ်ဖြင့် ခရီးသွားပြည်သူများအား ဆိုင်ကယ်ဦးထုပ်ဆောင်းရန်၊ နှာခေါင်းစည်းများ ဝတ်ဆင်ပြီး သွားလာကြရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့တွင်းရှိလမ်းဆုံလမ်းခွများ၊ ဈေးများတွင် နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်း၊ နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသံချဲ့စက်များဖြင့် ကြေညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)



# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲနှင့် မဲဆန္ဒရှင်ပြည်သူများ၏ လှုပ်ရှားခံစား ရင်တွင်းစကား

သတင်းအင်တာဗျူး-
မော်စီ၊ ဟန်လင်းနိုင်
ဓာတ်ပုံ-ကျော်ဇင်ထိုက်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသည်။

ယနေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်များရှိ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ကြိုတင်ဆန္ဒမဲပေးကြသည့် ပြည်သူများ၏ ရင်တွင်းစကားများကို ရေးသားဖော်ပြလိုက်ပါသည်-


ဦးငွေဝင်း


ဦးဝေယံကျော်


ဦးကျော်ရင်


ဒေါ်ခင်ဝင်းရည်


ဦးမောင်မောင်တင်

**ဦးငွေဝင်း (ဥက္ကဋ္ဌ၊ ပညာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဇမ္ဗူသီရိမြို့နယ်)**

အသက်(၆၀)နှစ်နှင့်အထက် ပြည်သူတွေကို ကြိုတင်မဲပေးနိုင်တဲ့ကာလဆိုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးဖို့ သတ်မှတ်ပေးထားပါတယ်။ ကိုဗစ်ကာလမှာ ဒီလိုသတ်မှတ်လိုက်တဲ့အတွက် အသက်ကြီးတဲ့သူတွေ ကျန်းမာရေးအတွက် ပိုပြီးအဆင်ပြေပါတယ်။ ခရေအိမ်ရာမှာဆိုရင် တိုက် ၁၅၆ လုံးရှိပါတယ်။ တစ်ရက်ကို တိုက်အလုံး ၂၀ မှာ နေတဲ့သူတွေကို ကြိုတင်မဲပေးနိုင်အောင် စီစဉ်ထားတဲ့အတွက် တိုက်စုစုပေါင်း ၁၅၆ လုံးရှိတော့ နိုဝင်ဘာ ၅ ရက်ဆိုရင် ကြိုတင်မဲအားလုံးနီးပါး မဲပေးပြီးသားဖြစ်သွားမှာပါ။

ဒီနေ့ဆိုရင် ကြိုတင်မဲပေးတာ ၃ ရက် ရှိပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီမှာ ကြိုတင်မဲ ၇၀ ရာခိုင်နှုန်း နီးပါးလောက် မဲပေးပြီးဖြစ်ပါတယ်။ တချို့ဝန်ထမ်းတွေကို ကြိုတင်မဲပေးနိုင်အောင် ခိုင်လုံတဲ့အထောက်အထားတွေ လက်ခံယူထားပြီး မဲပေးနိုင်အောင် စီစဉ်ပေးပါတယ်။ မသန်စွမ်း မဲဆန္ဒရှင်တွေကိုလည်း မဲပေးနိုင်အောင် ရပ်/ကျေးကော်မရှင်က တာဝန်ရှိသူတွေနဲ့ ပါတီကိုယ်စားလှယ်တွေက မဲပေးနိုင်ရေး စီစဉ်ပေးလျက်ရှိပါတယ်။ ဆန္ဒမဲတွေကိုလည်း လုံခြုံမှုရှိအောင် အားလုံးဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးဝေယံကျော် (မဲဆန္ဒရှင်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်တော့်အနေနဲ့ မဲထည့်တာနဲ့ပတ်သက်ပြီး နည်းနည်းတော့စိတ်လှုပ်ရှားတာပေါ့။ နောက်ပြီး မဲပေးရတာ တစ်စုံတစ်ရာ ဖိအားတွေ၊ အနှောင့်အယှက်တွေ မရှိပါဘူး။ မဲရုံမှာ ကျန်းမာရေးညွှန်ကြားချက်နဲ့အညီ လုပ်ဆောင်ထားတဲ့အတွက် ကျန်းမာရေးအတွက် လုံခြုံမှုရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျန်းမာရေးအတွက် နှာခေါင်းစည်း ဝတ်လာတယ်၊ လက်အိတ်စွပ်လာတယ်၊ မဲပေးတဲ့နေရာမှာ လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရပါတယ်။ ဒီလို မဲပေးရတာကို နှစ်သက်ပါတယ်။ မဲပေးခွင့်ရတာက တော်တော်ကိုကောင်းတဲ့ ခံစားချက်ပါ။

**ဦးကျော်ရင် (မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

ကျွန်တော်တို့ မဲပေးဖို့သွားတဲ့အခါ ကိုဗစ် - ၁၉ ရောဂါနဲ့ပတ်သက်ပြီး ကြေညာထားတဲ့ စည်းမျဉ်းတွေနဲ့အညီ မဲရုံကို သွားခဲ့ပါတယ်။ မဲရုံရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ကို နှာခေါင်းစည်းတွေနဲ့ တစ်ခါသုံး လက်အိတ်တွေ ဖြန့်ဝေပေးတဲ့အပြင် လက်သန့်စင်စေဖို့ကိုလည်း မဲရုံတာဝန်ရှိသူတွေက ဆောင်ရွက်ပေးပါတယ်။ မဲထည့်တဲ့အခါမှာလည်း လွတ်လပ်စွာ မဲပေးခွင့်ရပါတယ်။ ကျွန်တော်တို့လို မဲရုံကိုလာပြီး မဲမပေးနိုင်တဲ့ ရပ်ကွက်ထဲက ကျန်းမာရေးအရ လာရောက်မဲမပေးနိုင်တဲ့သူတွေကိုလည်း အိမ်တိုင်ရာရောက် မဲပေးနိုင်ဖို့ လိုက်လံဆောင်ရွက်ပေးနေတာလည်း တွေ့ရတယ်။ ခုချိန်မှာ ကိုဗစ်ရောဂါ ဖြစ်နေတဲ့ကာလဖြစ်ပေမယ့် ကျွန်တော်တို့လို သက်ကြီးရွယ်အိုတွေအတွက် အခုလိုစီစဉ်ပေးတဲ့အတွက် အဆင်ပြေပါတယ်။

**ဒေါ်ခင်ဝင်းရည် (မဲဆန္ဒရှင်၊ အမှတ်(၃)ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

ကျွန်မ အသက်(၆၀)ကျော်ပါပြီ။ ဒီနေ့မဲပေးရတာ လွတ်လွတ်လပ်လပ်ရှိပြီး စိတ်ကြိုက်မဲပေးခွင့်ရပါတယ်။ မဲပေးရာမှာလည်း အခက်အခဲမရှိစေဖို့အတွက် မဲရုံမှာ တာဝန်ရှိသူတွေက လိုက်လံဆောင်ရွက်ပေးပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ မဲပေးရတာကိုလည်း ကျေနပ်မှုရှိတယ်။ အခုလို မဲပေးရတဲ့အပေါ်မှာလည်း နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်တယ်လို့ မြင်တယ်။ ကိုဗစ်ကာလမှာ မဲပေးရတာဆိုတော့ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့အညီဖြစ်အောင် တာဝန်ရှိသူတွေက လိုက်လံဆောင်ရွက်ပေးတယ်။ကျွန်မအနေနဲ့လည်း စနစ်တကျ လိုက်နာပြီး မဲပေးခဲ့ပါတယ်။ မဲရုံမှာ တန်းစီတော့လည်း သတ်မှတ်တဲ့ အကွာအဝေးနဲ့ တန်းစီတယ်။ နှာခေါင်းစည်းဝတ်တယ်။ မဲမပေးခင်နဲ့ မဲပေးပြီးတဲ့အခါမှာလည်း လက်သန့်စင်ဆေးရည်နဲ့လက်ဆေးတယ်။ ငါးနှစ်မှာတစ်ခါပဲရတဲ့ မဲပေးရတဲ့ အခွင့်အရေးကို သေသေချာချာနဲ့ စိတ်ကြိုက်ဖြစ်အောင် မဲပေးခဲ့ပါတယ်။ မဲပေးခဲ့ရတဲ့အပေါ်မှာလည်း စိတ်ကျေနပ်မှု အပြည့်အဝရှိပါတယ်။

**ဦးမောင်မောင်တင်(မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

ကျွန်တော့်အသက် (၆၈) နှစ်ရှိပါပြီ။ ဒီနေ့ဟာ သီတင်းကျွတ်လပြည့်နေ့ဖြစ်တဲ့အတွက် သားသမီးတွေနဲ့ တူတွေတူမတွေက လာကန်တော့ဖို့ ရှိပေမယ့် ကျွန်တော်ကတော့ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးအောင် အပြေးအလွှားမဲလာပေးတာ ဖြစ်ပါတယ်။ မဲပေးခွင့်ရဖို့ဆိုတာ ငါးနှစ်မှ တစ်ကြိမ်ရတဲ့အခွင့်အရေးပါ။ ဒီတစ်ကြိမ် မဲပေးရတာကတော့ ကိုဗစ်ရောဂါကာလ ဖြစ်နေတဲ့အတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတချို့ကို လိုက်နာဆောင်ရွက်ပြီး မဲပေးရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်အနေနဲ့ မဲပေးတဲ့အခါမှာ ကျန်းမာရေး စည်းကမ်းတွေကို လိုက်နာပြီး မဲရုံတာဝန်ရှိသူတွေကလည်း နှာခေါင်းစည်းနဲ့ တစ်ခါသုံးလက်အိတ်တွေကို လုံလုံလောက်လောက် စီစဉ်ပေးထားတဲ့အပြင် စိတ်ချလုံခြုံစွာနဲ့ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့လို အသက် (၆၀)ကျော်တဲ့သူတွေအတွက် ကြိုတင်မဲပေးနိုင်အောင် နိုင်ငံတော်က စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများကို ယနေ့တွင်လည်း လျှို့ဝှက်စွာ ဆန္ဒပြုမဲပေးလျက်ရှိကြသည်။

လက်ရှိစာရင်းများအရ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၄ ခုတွင် မဲရုံ ၄၅ ရုံ၊ ဒက္ခိဏသီရိမြို့နယ်၌ ရပ်ကွက်၊ကျေးရွာအုပ်စု စုစုပေါင်း ၁၀ ခုတွင် မဲရုံ ၂၀၊ ပျဉ်းမနားမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၃၆ ခုတွင် မဲရုံ ၁၀၁ ရုံ၊ လယ်ဝေးမြို့နယ်၌ ရပ်ကွက်၊ကျေးရွာအုပ်စု စုစုပေါင်း ၆၇ ခုတွင် မဲရုံ ၁၄၄ ရုံ၊ ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၈ ခုတွင် မဲရုံ ၇၄ ရုံ၊ တပ်ကုန်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၅၅ ခုတွင် မဲရုံ ၁၃၄ ရုံ၊ ပုဗ္ဗသီရိမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၃၅ ခုတွင် မဲရုံ ၇၉ ရုံ၊ ဥတ္တရသီရိမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၀ ခုတွင် မဲရုံ ၄၉ ရုံရှိကြောင်း သိရသည်။



# စိန်ပန်းသစ္စာ

ရန်ကုန်တက္ကသိုလ်မုခ်ဦးမှဝင်၍ အဓိပတိလမ်းကို ခြေချမိသူတိုင်းသည် အစွမ်းကုန် ပွင့်လန်းနေသော ရဲရဲနီနေသည့် စိန်ပန်းပွင့်များကို မြင်ရသည့်အခါ ရဲရင့်တက်ကြွသော စိတ်ခံစားမှု ဖြစ်ပေါ်လာကြပါသည်။ စိန်ပန်းနီများက မြင်ရသူတို့၏ စိတ်နှလုံးကို ရဲရင့်တက်ကြွစေခြင်း ဖြစ်ပါသည်။ စိန်ပန်းနီတို့ လွှမ်းခြုံသော ရန်ကုန်တက္ကသိုလ်သည် ခေတ်ကာလ အဆက်ဆက် အခက်အခဲအမျိုးမျိုးကို ရဲရဲတောက် ကြံ့ကြံ့ခံရင်ဆိုင်ပြီး မားမားမတ်မတ် ဆက်လက်ရပ်တည်လျက်ရှိရာ မကြာခင် ရောက်ရှိတော့မည့် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် (၁၀၀ )တိတိ ပြည့်မြောက်၍ ရာပြည့်သဘင်ပွဲတော်ကို ဆင်နွှဲရတော့မည် ဖြစ်ပါသည်။

ရှင်ထွေးလေး



ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ပေါက်ရောက်နေသော စိန်ပန်းပင်များ။ ဓာတ်ပုံ-မြင့်မောင်မောင်

### ချစ်သူတို့နယ်မြေ ကံ့ကော်တော

ရန်ကုန်တက္ကသိုလ်နယ်မြေသည် ကံ့ကော်တို့ မွှေးပျံ့ထုံသင်းရာ ဌာနီဖြစ်၍ ချစ်သူတို့နယ်မြေ၊ ကံ့ကော်မြေ၊ ကံ့ကော်တောဟုလည်း ထင်ရှားအမည်တွင်သည်။ ရန်ကုန်တက္ကသိုလ်ဟု နှုတ်ဖျားမှ ရွတ်ဆိုလိုက်လျှင်လည်း လူတိုင်း၏ တက္ကသိုလ်အတွေးပုံရိပ်ကို ဆွဲဆောင်စိုးမိုးနိုင်သော ထင်ရှားကျော်ကြားသည့် အထိမ်းအမှတ်များမှာ ကံ့ကော်တော၊ ဂျပ်ဆင်ဘုရားကျောင်း၊ ဘွဲ့နှင်းသဘင်နှင့် အထင်ကရ သစ်ပုပ်ပင်ကြီးတို့ပင်ဖြစ်သည်။ ထိုကဲ့သို့ ကံ့ကော်တော၊ ဂျပ်ဆင်ဘုရားကျောင်း၊ ဘွဲ့နှင်းသဘင်နှင့် အထင်ကရ သစ်ပုပ်ပင်ကြီးတို့လောက် ထင်ရှားကျော်ကြားခြင်း မရှိသော်လည်း ရန်ကုန်တက္ကသိုလ်ကို အလှဆင်နေသော အလှတရားတစ်ရပ်မှာ စိန်ပန်းပင်များပင် ဖြစ်ပါသည်။

စိန်ပန်းပင်များသည် ရန်ကုန်တက္ကသိုလ်၏ အဓိပတိလမ်းမ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ပေါက်ရောက်နေကြသည်။ စိန်ပန်းပင်များသည် အရွယ်အနိမ့်၊ အမြင့် မညီညာကြသော်လည်း သူ့ရာသီ အချိန်အခါ ရောက်လျှင် ပင်ပျို၊ ပင်အိုမကျန် အပင်အားလုံးသည် ရဲရဲနီသော ပွင့်ချပ်များဖြင့် အဓိပတိလမ်းတစ်လျှောက် ရဲရဲနီစွေးနေအောင် အစွမ်းကုန် အလှဆင်ထားကြစမြဲသာ ဖြစ်သည်။ ပင်လုံးကျွတ် ထိန်ထိန်နီရဲနေအောင် ပွင့်ရုံသာမက အဓိပတိလမ်းတစ်လျှောက်လုံးလည်း ရဲရဲနီစွေးအောင် ခင်းပေးထားကြရာ ပတ္တမြားပန်းခင်းကြီးနှင့်ပင် တူချေသေးသည်။ ထို့ပြင် ပွင့်ချပ်ပွင့်လွှာဖတ်တွေက တစ်ခါတစ်ခါတွင် လေအတိုးမှာ ဝေ့ဝဲကာ နွဲ့ယိမ်းကြွေကျလာတတ်ကြသေး၍ ကြည်နူးစရာ ကောင်းလှသော မြင်ကွင်းဖြစ်ပါသည်။

### ခွဲခြား၍မရနိုင်

စိန်ပန်းပင်များသည် ရန်ကုန်တက္ကသိုလ်၏ အရိပ်အောက်ဝယ် မွှေးရနံ့ထုံသင်းသော ကံ့ကော်ပန်းပင်များလောက် လူတို့နှုတ်ဖျားတွင် တသသ မရှိသော်လည်း ကျောင်းတော်ကို အလှဆင်ရာ၌ အစွမ်းကုန်တာဝန်ကျေသည်သာဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် စိန်ပန်းသည်လည်း ခွဲခြား၍မရနိုင်ပါ။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော တေးသံသာတို့တွင် စိန်ပန်းတို့အလှကို စာပေအက္ခရာထက် သီကျူးဖွဲ့ဆိုခဲ့ကြသည်။ ခေတ်အဆက်ဆက် စိန်ပန်းအကြောင်း သီကုံးဖွဲ့ဆိုထားသည့် ကဗျာစာပေများသာမက တေးသီချင်းသံများသည် ယနေ့ထက်တိုင် ရှင်သန်နိုးကြားနေကြဆဲ ဖြစ်သည်။ ကျောင်းဖွင့်ချိန်ရောက်သော်လည်း အကြောင်းကြောင်းကြောင့် ကျောင်းသို့ မရောက်နိုင်ကြသည့်အခါ မည်သူမဆို "ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာ ကျဲပြန့်နေ... ကံ့ကော်ပန်းတွေနဲ့အတူ သူနဲ့တွေ့ရာမြေ...တက္ကသိုလ်သို့မဟုတ် မြကျွန်းသာ အင်းလျားကန်ရေမြေ"ဆိုသော တွံတေးသိန်းတန်သီချင်းနှင့် "ဒီအချိန် ကျောင်းတော်ကြီးရဲ့ အလယ်မှာ စိန်ပန်းတွေလည်း ပွင့်နေပြီကွာ... အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ ... အလွမ်းရယ် မပြေဘူး ကျောင်းသားဘဝ..."ဟူသည့် တေးသီချင်းများကို ဆိုညည်းတတ်ကြပါသည်။ ကျောင်းကို လွမ်းဆွတ်တမ်းတမိတတ်ကြပါသည်။ အခါအခွင့်တိုက်ဆိုင်၍ ကံ့ကော်ကိုမြင်လျှင် မြကျွန်းညိုညို ကျောင်းတော်ကို သတိရတမ်းတမိတတ်သကဲ့သို့ စိန်ပန်းကိုမြင်ပါကလည်း မြကျွန်းညိုညို ကျောင်းတော်ကို လွမ်းဆွတ်တမ်းတကြသည်သာ ဖြစ်သည်။

မြကျွန်းညိုတွင် ကံ့ကော်တွေ ပွင့်လန်းချိန် ရောက်ပြီဆိုလျှင် မွှေးပျံ့ကြိုင်သင်းသလို စိန်ပန်းများ ပွင့်လန်းဝေဆာချိန်တွင်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ပတ္တမြားသွေးနီနီစွေးကာ လောကအလှဆင်သည်သာ။ ကံ့ကော်လည်း ကံ့ကော်မွှေးရနံ့ ကံ့ကော်အလှနှင့် ရှိသလို စိန်ပန်းလည်း စိန်ပန်းအလှနှင့်သာပင်။ မည်သူက ပိုလှပိုသာပါသည်ဟု ကျွန်မတော့ မဆိုဝံ့ပါ။ ကံ့ကော်နှင့် စိန်ပန်းတွေသာ အသက်ရှိ၍ စကားများပြောတတ်ကြမည်ဆိုလျှင် အလှချင်းယှဉ် အပြိုင်ကြဲကြလေမည်လားကိုတော့ မဆိုတတ်ပါ။ စင်စစ်တွင် ကျွန်မတို့ကသာ ကံ့ကော်နှင့် စိန်ပန်းတို့၏ မတူညီသည့် အလှတရားကို ခိုင်းနှိုင်းအတွေးနယ်ချဲ့နေမိတတ်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။

### သစ္စာရှိစွာ ပွင့်လန်းမြဲ

စိန်ပန်းသည် ကံ့ကော်ကဲ့သို့ မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းမရှိ၊ လူတို့က ဆံကေသာထက် အမြတ်တနိုးဂုဏ်ယူပန်ဆင်ခြင်း မခံရသော်လည်း သူ့ရာသီချိန်ခါရောက်လျှင် သစ္စာရှိစွာ ပွင့်လန်းမြဲ ဖြစ်သည်။ လောကပတ်ဝန်းကျင်ကို နှိမ့်ချစွာ အလှဆင်ရန် ကြိုးပမ်းမြဲဖြစ်သည်။ လောကပတ်ဝန်းကျင်တွင်လည်း အချို့သောလူများသည် စိန်ပန်းနှင့်တူသည်ဟု ကျွန်မတွေးတောမိပါသည်။ လောကအတွက် မွှေးရနံ့ကို သူတို့ မပေးနိုင်ကြသော်လည်း သူ့နည်း သူ့ဟန်တော့ အလှဆင်ပေးတတ်ကြသည် မဟုတ်ပါလား။ ထိုသို့ အလှဆင်သည့်အတွက်လည်း မည်သည့် အခွင့်အရေးကိုများ သူတို့တောင့်တကြသနည်း။ တောင့်တကြဟန် မတူပါချေ။

စိန်ပန်းပင်များသည် နွေဦးရာသီအစမှ မိုးဖြိုင်ဖြိုင်ရွာသည့် မိုးလရာသီအထိ ဝေဝေဆာဆာ ပွင့်သည့်အခါတွင် တက္ကသိုလ်နယ်မြေတစ်ခုလုံး ပန်းချီကားချပ်ကြီးနှင့်ပင် တူနေပေသေးသည်။ မိုးထဲလေထဲတွင် မည်သည့်ပန်းများ ပွင့်ကြသည်ဖြစ်စေ၊ မပွင့်ကြတော့သည်ဖြစ်စေ စိန်ပန်းများကတော့ ဝေဆာမြဲ၊ ဝေဆာဆဲ၊ ပွင့်လန်းမြဲ၊ ပွင့်လန်းကြသည်သာဖြစ်သည်။ လောကသဘာဝအရလည်း ကျွန်မတို့ ပတ်ဝန်းကျင်တွင် စိန်ပန်းလိုလူများ ရှိတတ်ကြပေသည်။ လောကအတွက် မိမိတို့၏အကျိုးပြုမှုကို မည်သူက အသိအမှတ်ပြုကြသည်ဖြစ်စေ၊ အသိအမှတ် မပြုကြသည်ဖြစ်စေ မိမိတို့အလုပ် မိမိတို့ဆက်လုပ်ကြသည်သာ ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❖

**စိန်ပန်းပင်များသည် ရန်ကုန်တက္ကသိုလ်၏ အရိပ်အောက်ဝယ် မွှေးရနံ့ထုံသင်းသော ကံ့ကော်ပန်းပင်များလောက် လူတို့နှုတ်ဖျားတွင် တသသမရှိသော်လည်း ကျောင်းတော်ကို အလှဆင်ရာ၌ အစွမ်းကုန်တာဝန်ကျေသည်သာဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် စိန်ပန်းသည်လည်း ခွဲခြား၍မရနိုင်ပါ။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော တေးသံသာတို့တွင် စိန်ပန်းတို့ အလှကို စာပေအက္ခရာထက် သီကျူးဖော်ဆိုခဲ့ကြ။**



### ရှင်ထွေးလေး၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ တင်ထွေးထွေးလွင်ဖြစ်သည်။
- အဖ ဦးတင်ငွေ၊ အမိ ဒေါ်မီးမီးတို့မှ ၁၉၉၁ ခုနှစ် မတ်လ ၂၃ ရက် (စနေနေ့)တွင် မွေးဖွားခဲ့သည်။
- ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အခြေခံပညာကို အမက (၈) အခြေခံပညာမူလတန်းကျောင်း (မြောက်ဥက္ကလာ)တွင် သင်ယူခဲ့သည်။
- ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အလယ်တန်းနှင့် အထက်တန်းကို အထက (၅) အထက်တန်းကျောင်း(မြောက်ဥက္ကလာ)တွင် သင်ယူခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။
- ဒဂုံတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၂၀၁၄ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့များ ရရှိခဲ့သည်။
- ရန်ကုန်တက္ကသိုလ်မှ ၂၀၁၅ ခုနှစ်တွင် မဟာသုတေသနဘွဲ့နှင့် ၂၀၁၇ ခုနှစ်တွင် ဘွဲ့လွန် အသုံးချကွန်ပျူတာဒီပလိုမာဘွဲ့များ ရရှိခဲ့သည်။
- "ဝဇီရဗုဒ္ဓိဦးဖိုးစိန်၏ မြန်မာဘာသာစကားဆိုင်ရာအမြင်များ ဖော်ထုတ်လေ့လာချက်"ဟူသည့် ကျမ်းခေါင်းစဉ်ဖြင့် မြန်မာစာပါရဂူကျမ်း ပြုစုလျက်ရှိသည်။
- ညိုထွေး၊ ရှင်ထွေးလေး ကလောင်အမည်များဖြင့် စာပေများရေးသားလျက်ရှိသည်။
- ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

❖ စာမျက်နှာ ၆ မှ

အိမ်တစ်အိမ်တွင် မောင်ငယ်၊ နှမငယ်များအတွက် သားကြီးသမီးကြီးများသည် စိန်ပန်းနှင့်တူသည်ဟု ကျွန်မဆိုချင်လှသည်။ မိခင်၊ ဖခင်တို့သည်လည်း သားသမီးတို့အတွက် စိန်ပန်းနှင့်တူသည်သာ ဖြစ်ချေသည်။ ရောင်စုံပန်းဥယျာဉ်ထဲ၌ ကံ့ကော်နှင့်တူသော မောင်ငယ်၊ နှမ ငယ်၊ သားငယ်၊ သမီးငယ်တို့ လှသွေးကြွယ် မွှေးပျံ့မလာခင်ဝယ် စိန်ပန်းတို့ကဲ့သို့ လောကအလှဆင်ပေးကြသည် မဟုတ်ပါလား။ စိန်ပန်းကို ကံ့ကော်ကဲ့သို့ မမွှေးပျံ့ရကောင်းလားဟု အပြစ်ဆိုပေက စိန်ပန်း၏ သစ္စာ၊ မေတ္တာကို စော်ကားခြင်းသာမည်ပေသည်။ ကျွန်မတို့သည် အဘယ်ကြောင့်များ မတူညီသည့် အလှတရားများကို နှိုင်းယှဉ်ခိုင်းနှိုင်းနေဖို့ လိုမည်နည်း။ ကံ့ကော်လည်း ကံ့ကော်အလှနှင့်၊ စိန်ပန်းလည်း စိန်ပန်းအလှနှင့် ရှိကြသည်ကို သတိပြုဆင်ခြင်သင့်ချေသည်။ အရှိတရားကို လက်ခံခြင်းသည်ပင် လောကအလှတရားတစ်ပါးဟု မြင်မိချေသည်။

**စိန်ပန်းတို့ထက်ပို၍ လောကအကျိုးပြု**

စင်စစ်အားဖြင့် သူတစ်ပါး အသိအမှတ်ပြုမှုအတွက် လောကအကျိုးသယ်ဆောင်လိုခြင်းသည် လွန်စွာအင်မတန် သိမ်နုတ်ညံ့ဖျင်းလှချေသည်။ လူ့လောကပတ်ဝန်းကျင်တွင် လူအများနှင့် ပေါင်းသင်းဆက်ဆံသည့်အခါ စိန်ပန်းကဲ့သို့ ကျင့်ကြံရန်၊ အားထုတ်တတ်ရန် လိုအပ်ပေသည်။ ရာသီချိန်ခါရောက်လျှင် မပျက်မကွက် ပွင့်လန်းမြဲဖြစ်သည့် စိန်ပန်း၏သစ္စာကဲ့သို့ ခိုင်မာမြဲမြံရန် လိုအပ်ပေသည်။ အကျိုးအမြတ်တွက်၍ အလုပ်လုပ်ဆောင်ခြင်းသည် စိန်ပန်း၏ သစ္စာနှင့် သွေဖည်လှပါသည်။ စဉ်းစားတွေးခေါ်မှု မပြုနိုင်သော စိန်ပန်းတို့သည်ပင် အကျိုးတစ်စုံတစ်ရာမမျှော်လင့်ဘဲ မပျက်မကွက် လောကအလှဆင်နိုင်ကြပါလျှင် စဉ်းစားတွေးခေါ်မှု ပြုနိုင်သော သက်ရှိလူသားတို့သည်လည်း စိန်ပန်းတို့ထက်ပို၍လောကအကျိုးပြုကြရန် သင့်ပေသည်ဟု တွေးထင်မိသည်။

မိဘတို့က သားသမီးတို့အတွက် စွန့်လွှတ်အနစ်နာခံသည့်အခါတိုင်း မည်သည့်အကျိုးကို ပြန်လည်မျှော်လင့်သည်ဟူ၍ ကြားဖူးကြပါသနည်း။ အစ်ကိုကြီး၊ အစ်မကြီးတို့က မောင်ငယ်၊ နှမငယ်တို့အတွက် ငဲ့ညှာအနစ်နာခံပေးသည့်အခါတိုင်း ပြန်လည်အသိအမှတ်ပြုမှုကို မျှော်လင့်သည်ဟူ၍ ကြားဖူးကြပါသနည်း။ ဆရာသမားတို့က တပည့်သားမြေးများအတွက် လမ်းသစ်ဖောက်ပေးသည့်အခါများတွင်လည်း တပည့်တို့ထံမှ အကျိုးတစ်စုံတစ်ရာ မျှော်လင့်သည်ဟူ၍ မရှိတတ်ကြပါ။ ရှေးလူကြီးမိဘများသည်လည်း နောင်လာနောက်သားတို့အတွက် တစ်စုံတစ်ရာဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့အကျိုးအတွက် မျှော်ကိုးလုပ်ဆောင်ခဲ့ကြသည်ဟူ၍ မရှိခဲ့ကြပါ။ စိန်ပန်းတို့ကဲ့သို့ပင် မိမိတို့ကို မွှေးကြူပါစေ၊ ပန်ဆင်ပါစေဟူ၍ မျှော်လင့်ပွင့်လန်းကြခြင်း ဟုတ်ဟန်မတူပါ။ ဤလောကတွင် စိန်ပန်းကဲ့သို့ လောကအလှဆင်သည့် ပုဂ္ဂိုလ်များ ပေါ်များစွာ ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။



ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်အနီးရှိ ကံ့ကော်ဥယျာဉ်။ ဓာတ်ပုံ-မြင့်မောင်မောင်

အမိရန်ကုန်တက္ကသိုလ်၌လည်း စိန်ပန်းပွင့်များကဲ့သို့ ရဲရဲနီသော သစ္စာတရားပန်ဆင်သည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့ပါသည်။ မြန်မာ့ဒီမိုကရေစီသမိုင်းအစဟု ဆိုနိုင်သော မြန်မာ့ပညာရေးသမိုင်း ပြုပြင်ပြောင်းလဲမှုအစသည်ပင် မည်သည့်အကျိုးအမြတ် တစ်စုံတစ်ရာကိုမှ မမျှော်ကိုးသော ကျောင်းသားတို့၏ အားထုတ်ကြိုးပမ်းခဲ့မှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။ မိမိတို့ဘွဲ့ရပြီးနောက်တွင် ပိုင်ဆိုင်ကြရတော့မည့် မြို့အုပ်၊ အရေးပိုင်ရာထူး ဂုဏ်ဒြပ်များကို စွန့်လွှတ်၊ ယုတ်စွအဆုံး မိဘဆွေမျိုးတို့ထံမှ အမွေဆက်ခံခွင့်တို့ကိုပင် စွန့်လွှတ်ခဲ့ကြသော ကျောင်းသားထုသည် မြန်မာ့ပညာရေးသမိုင်းတွင် အက်ဥပဒေကို ပြင်ဆင်ရန်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြပါသည်။ ထိုသို့ ခေတ်အဆက်ဆက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြသော၊ တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားထု၏ သွေးသစ္စာကို ကိုယ်စားပြု၍လည်း စိန်ပန်းနီတို့က ရဲရဲတောက် သင်္ကေတပြု ပွင့်လန်းနေကြသည့်အလား ထင်မှတ်ရပါသည်။

**လောကအလှဆင်**

စိန်ပန်း၏ သဘောသဘာဝသည် တည်တံ့ခိုင်မြဲသည်။ စိန်ပန်းပွင့်များသည် လေနတ်မင်းက ဝေ့ဝဲကျီစယ်လိုက်၊ မိုးနတ်မင်းက ထစ်ချုန်းရွာသွန်းလိုက်သည်နှင့် မြေမှာကြွေပြန့်ရသည်။ သို့ရာတွင် စိန်ပန်းတို့သည် ပင်ပျို၊ ပင်အိုတို့ထက်တွင် ပွင့်လန်းနေသည့်အခါတွင်လည်း အစွမ်းကုန်ပွင့်လန်း၍ ဩကာသဝန်းကျင်ကို အလှဆင်ပေးသကဲ့သို့ မြေမှာကြွေပြန့်ရသည့်အခါတွင်လည်း တစ်မျိုးတစ်ဖုံ အလှဆင်ပေးနေသည်သာဖြစ်သည်။ ရနံ့ကင်း၍ ကောက်ယူမွှေးကြူမည့်သူ၊ ပန်ဆင်မည့်သူ မရှိသော်လည်း ပွင့်မြဲပွင့်၊ ကြွေမြဲကြွေ၍ အလှဆင်ပေးတတ်ပါသည်။ ထို့ပြင် စိန်ပန်းပွင့်များက အလှအပသက်သက် ပွင့်ရုံသာမကဘဲ အသုံးပြုတတ်မည်ဆိုပါက ကျန်းမာရေးအတွက်ပင် အကျိုးပြုတတ်သည်ကို လူသိနည်းလှပါသည်။ သို့ရာတွင် လူသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စိန်ပန်းများက မိမိတို့အစွမ်းရှိသမျှ လောကအလှဆင် အကျိုးပြုလျက်ပင် ဖြစ်သည်။

စိန်ပန်းလိုကျင့် စိန်ပန်းလိုကြံကြပါဟူသည်မှာ အပြောလွယ်သလောက် အလုပ်ခက်ပေသည်။ လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးမျှော်ကိုးခြင်းမရှိ သစ္စာ၊ မေတ္တာထားနိုင်ကြလျှင် အလွန်ပင်ကြည်နူးချမ်းမြေ့စရာကောင်းလှပေမည်။ သို့သော် ထိုအရာသည် အပြောလွယ်သလောက် အလုပ်ခက်လှပေသည်။ ထိုသို့ တစ်ဦးနှင့်တစ်ဦး အတုံ့အလှည့် အကျိုးမျှော်ကိုးခြင်း မရှိသည့်သဘောသည် စိန်ပန်းက ဆံကေသာထက် ပန်ဆင်ခြင်း မခံရသော်လည်း ပွင့်လန်းဝေဆာမြဲသဘောနှင့် တူချေပေလိမ့်မည်။

လူတို့၏မနောမှာ မိမိတို့၏လုပ်ဆောင်ချက်များအတွက် အသိအမှတ်ပြုခံချင်တတ်သည့် သဘောသဘာဝ ရှိတတ်ကြသည်မှာ မှန်သော်လည်း လောကတွင် ပန်းတစ်မျိုးနှင့်တစ်မျိုးပင် ပွင့်လန်းဝေဆာသည့် သဘောသဘာဝချင်း မတူကြပါ။ ကံ့ကော်များက တပို့တွဲလမှ တန်ခူးလအထိ ပွင့်လန်းပြီး ရနံ့မွှေးကြိုင်သည်။ စိန်ပန်းများက နွေဦးအစမှ မိုးလရာသီအထိ ကာလရှည်ကြာ ပွင့်လန်းသော်လည်း ရနံ့မရှိ။ မိမိ၏ အရောင်အသွေးဖြင့်သာ ဝန်းကျင်လောက၏ အလှတန်ဆာဆင်ရသည်။ စိန်ပန်းကို ကံ့ကော်ကဲ့သို့ ရနံ့မသင်းထုံရကောင်းလားဟု အပြစ်မဆိုသာ။ စိန်ပန်းပွင့်တို့က ကောက်ယူပန်ဆင်ခြင်း မခံရသောကြောင့် မပွင့်လန်းတော့ပါဟူ၍ မရှိပါ။ စိန်ပန်းကဲ့သို့စိတ်သဘောမျိုးထားတတ်ကြရန် လိုအပ်လှပေသည်။

**ရဲရဲနီသော သစ္စာတရား**

အမိရန်ကုန်တက္ကသိုလ်၏ ပညာရိပ်ဝယ် ခိုလှုံလာကြသည့် ကျောင်းသားမောင်မယ်များကိုလည်း ဘဝခရီးကို လျှောက်လှမ်းကြသည့်အခါတွင် ကံ့ကော်ကဲ့သို့ မွှေးပျံ့သင်းထုံစေချင်ပါသည်။ အထူးသဖြင့် စိန်ပန်းကဲ့ သို့ ရာသီသဘာဝကို ကြံ့ကြံ့ခံရင်ဆိုင်သကဲ့သို့ လောကဓံကိုကြံ့ကြံ့ခံပြီးလောကအလှဆင်စေချင်ပါသည်။ ကံ့ကော်တို့ကဲ့သို့ မွှေးရနံ့ကြောင့် လူတို့သတိပြုမိပြီး ချီးကျူးမြှောက်စားခံရသည့်အခါတွင် လောကဓံကို မမေ့မလျော့ သတိချပ်စေလိုပါသည်။ စိန်ပန်းကဲ့သို့ အမြတ်တနိုး ချီးမြှောက်ခြင်း မခံရသည့်အခါတွင်လည်း အလုပ်မပျက်၊ အပြုံးမပျက် ရင်ဆိုင်ကြစေလိုပါသည်။ စိန်ပန်း၏ ရဲရဲနီသော သစ္စာတရားကို မမေ့မလျော့ နှလုံးသွင်းစေလိုပါသည်။

အမှန်စင်စစ်တွင် စိန်ပန်းပင်များပွင့်ချိန်ဝယ် မွှေးပျံ့ဝေဆာလာသည့်ကံ့ကော်ပန်းများနှင့်အလှဆင်ထားသော ရန်ကုန်တက္ကသိုလ်သည် ရှုမငြီးသည့် သက်ရှိပန်းချီကားချပ်ကြီးသဖွယ်သာ ဖြစ်သည်။ စိန်ပန်းတို့နှင့် ကံ့ကော်ပင်တို့ရှိရာ အဓိပတိလမ်းမထက်တွင် လျှောက်လှမ်းကြရမည့် ကျောင်းသားတို့၏ မြကျွန်းညိုဘဝအိပ်မက်များ ရှင်သန်ရာ အမိရန်ကုန်တက္ကသိုလ်၏ ကြည်နူးချမ်းမြေ့ဖွယ် ကကွက်များသည် ရန်ကုန်တက္ကသိုလ်ရှုမျှော်ခင်းတွင် ဆက်လက်ကခုန်နေကြမည်ကို ရှုမျှော်အားပေးရပေဦးမည်။ မွှေးရနံ့သင်းပျံ့သော ကံ့ကော်ကဲ့သို့ မျိုးဆက်သစ်များ မွှေးထုတ်ပေးနေသကဲ့သို့ စိန်ပန်းကဲ့သို့ ကျရာနေရာတွင် လောကအလှဆင်မည့် သားကောင်းမောင်မယ်များကို ဆက်လက်မွေးထုတ်ပေးမည့် အမိရန်ကုန်တက္ကသိုလ်၏ ရာပြည့်သဘင်ကို စောင့်မျှော်အားပေးကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။



ရန်ကုန်တက္ကသိုလ် သိပ္ပံစာသင်ဆောင်ရှေ့ရှိ စိန်ပန်းပင်နှင့် ကံ့ကော်ပင်များ။ ဓာတ်ပုံ-မြင့်မောင်မောင်

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ စားသောက်ရေးအခက်အခဲရှိသူ အိမ်ထောင်စု ၅၀၄ စုကို စားသောက်ကုန်နှင့် နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**
ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသူ အိမ်ထောင်စု ၅၀၄ စုကို အောက်တိုဘာ ၃၀ နှင့် ၃၁ ရက်တို့တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စားသောက်ကုန်နှစ်မျိုးနှင့် နှာခေါင်းစည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် ရွာသာကြီးအပိုင်း (၄)မှ အိမ်ထောင်စု ၆၂ စု၊ ရွာသာကြီးဆည်မြောင်းအုပ်စုမှ အိမ်ထောင်စု ၅၀၊ (၁၃၈) ရပ်ကွက် လွတ်လပ်ရေးလမ်းမှ အိမ်ထောင်စု ၅၀၊ (၁၅၅)ရပ်ကွက် အပိုင်း (၁)နှင့် အောင်သပြေလမ်းမှ အိမ်ထောင်စု ၇၅ စု၊ (၁၅၆)ရပ်ကွက်မှ အိမ်ထောင်စု ၇၆ စု၊ (၁၁)ရပ်ကွက် နောင်ရိုးလမ်းမကြီးနှင့် လမ်းသွယ် ၁၊ ၂၊ ၃ ရှိ ယာယီနေထိုင် အိမ်ထောင်စု ၁၈၃ စု၊ (၉) ရပ်ကွက်အတွင်း အိမ်ငှားနေထိုင်သူ အိမ်ထောင်စု ရှစ်စု စုစုပေါင်းအိမ်ထောင်စု ၅၀၄ စုတို့အတွက် တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်တစ်အိတ်၊ ဆီတစ်ဘူးနှင့် နှာခေါင်းစည်းငါးခုတို့ကို လှူဒါန်းခဲ့ကြသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိစားသောက်ရေးအခက်အခဲရှိသူများနှင့် အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများကို အောက်တိုဘာ ၂၀ ရက်မှစကာ အခြေခံစားသောက်ကုန်များနှင့် နှာခေါင်းစည်းများ လှူဒါန်းပေးလျက်ရှိရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များရှိ အိမ်ထောင်စုများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သတင်း - အေးမင်းသူ
ဓာတ်ပုံ - ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း





# တီးတိန်မြို့၌ ရိုးရာခွာဒိုပွဲအထိမ်းအမှတ် စာပေနှင့် အားကစားပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၃၁**
ချင်းပြည်နယ် တီးတိန်မြို့၌ မြို့နယ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးကျင်းပသည့် ရိုးရာခွာဒိုပွဲအထိမ်းအမှတ် စာပေနှင့် အားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ယနေ့ နံနက် ၁၁ နာရီက Timothy Bible School ခန်းမ၌ ဆုချီးမြှင့်ခြင်း အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိက္ခာတော်ရ ဆရာဦးနန်လျန်းကပ်က အဖွင့်ဆုတောင်းပြီး မြို့နယ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဝုန့်ဇကျင့်က အမှာစကားပြောကြားသည်။

ထို့နောက် တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့်ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲတွင် ဆုရရှိသူများ၊ ထက်၊ လယ်၊ မူအဆင့် ပန်းချီပြိုင်ပွဲ၊ ထက်၊ လယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ရိုးရာဇိုလိုင်း ပုံပြင်ပြော၊ အထက်တန်းအဆင့် မြန်မာပုံပြင်ပြောနှင့် အထက်တန်းအဆင့် အင်္ဂလိပ်ပုံပြင်ပြော ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ ရိုးရာခွာဒိုပွဲသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကြောင့် ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ မကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း တီးတိန်မြို့နယ် စာပေနှင့်ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဂိုခန့်ပေါင်ထံမှ သိရသည်။ လျန်ပီး(သတင်းစဉ်)

# မင်းဘူး(စကု)မြို့နယ် ကုန်းသာကျေးရွာရှိ အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ခြောက်မျိုး လှူဒါန်း

**မင်းဘူး အောက်တိုဘာ ၃၁**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကုန်းသာကျေးရွာက အိမ်ထောင်စုများအတွက် ကိုဗစ်-၁၉ ကာလတွင် စားဝတ်နေရေး အခက်အခဲမရှိစေရန်အတွက် အများပြည်သူ စုပေါင်းလှူဒါန်းမှုဖြင့် အခြေခံစားသောက်ကုန် ခြောက်မျိုး လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ သွားရောက်လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ကာလမှာ ဒီရွာကို အဝင်အထွက် ကန့်သတ်ထားတော့ ကျေးရွာသူ ကျေးရွာသား အားလုံးရဲ့ အခက်အခဲတွေကို ကူညီပေးနိုင်ဖို့အတွက် ကိုယ်ချင်းစာစိတ်နဲ့ အလှူရှင်အားလုံးက တစ်သွေးတည်းတစ်သားတည်း ရှိနေတဲ့သဘောနဲ့ အခုလိုကူညီမျှဝေ ပေးရခြင်းဖြစ်ပါတယ်။ အဲဒီလိုကူညီ မျှဝေပေးနိုင်ဖို့အတွက် ကျွန်တော်တို့ လွတ်လပ်စွာ ပျော်ရွှင်တတ်သောမင်းဘူးအဖွဲ့ကနေ ဦးဆောင်ပြီးတော့ အလှူခံလိုက်တဲ့အခါမှာ ရွာဦးဘုန်းတော်ကြီးကျောင်းအတွက် ဆန်တစ်အိတ်နဲ့ ဆီတစ်ပိဿာပုံး တစ်ပုံး၊ အိမ်ခြေ ၆၀၇ အိမ်အတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ အာလူး၊ ကြက်ဆံ၊ ခေါက်ဆွဲဆိုပြီး အခြေခံစားသောက်ကုန် ခြောက်မျိုးကို အများပြည်သူ စုပေါင်းလှူဒါန်းမှုနဲ့ အခုလို လာရောက်လှူဒါန်းပေးရခြင်းဖြစ်ပါတယ်" ဟု လွတ်လပ်စွာ ပျော်ရွှင်တတ်သောမင်းဘူးအဖွဲ့မှ နာယက ဦးဝင်းမြင့်က ပြောသည်။

ထိုသို့ လှူဒါန်းရာတွင် ရွာဦးဘုန်းတော်ကြီးကျောင်းအတွက် ဆန်တစ်အိတ်နှင့် ဆီတစ်ပုံး၊ ကုန်းသာကျေးရွာရှိ အိမ်ခြေ ၆၀၇ အိမ်အတွက် တစ်အိမ်လျှင် ဆန် တစ်ပြည်၊ ဆီ ၃၀ ကျပ်သား၊ ငါးသေတ္တာ တစ်ဘူး၊ အာလူး ၂၅ ကျပ်သား၊ ကြက်ဆံ သုံးထုပ်၊ ခေါက်ဆွဲခြောက် နှစ်ထုပ်တို့ကို ပရဟိတအဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ ရပ်ဖများထံ လှူဒါန်းပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုကို စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃ သိန်းကျော် တန်ဖိုးရှိကြောင်း လွတ်လပ်စွာ ပျော်ရွှင်တတ်သော မင်းဘူးအဖွဲ့မှ အတွင်းရေးမှူး ဦးပိုင်စိုးသူထံက သိရသည်။

မောင်မောင်(ပြန်/ဆက်)





# မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး မျက်နှာကာများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၁**
မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးစီမံချက်၏အစီအစဉ်ဖြင့် ကာကွယ်ဆေးလာရောက်ထိုးနှံကြသော ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရာတွင် အသုံးပြုနိုင်ရန်အတွက် မျက်နှာကာ အခု ၂၅၀၀ ကို အောက်တိုဘာ ၂၇ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ လှူဒါန်းခဲ့သည်။

### ကူညီဆောင်ရွက်

အဆိုပါ မျက်နှာကာများကို စီမံချက်မှဝန်ထမ်းများနှင့်အတူ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကျေးရွာအရန်သားဖွား ဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများက ကူညီဆောင်ရွက်ပြုလုပ်ခဲ့ကြကြောင်း စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်လွဲ့လွဲ့မိုးထံမှ သိရသည်။

ဝင်းအောင်(MRCS)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လူမှုစီးပွားဘဝ ဟန်ချက်ညီတိုးတက်စေရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**
နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်းရှိ ရှမ်းဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆိုပါဒေသများရှိ မြေလမ်း ၂၅ မိုင်၊ ကျောက်လမ်း (၄၉/၂)မိုင်၊ ကတ္တရာလမ်း ခြောက်မိုင်၊ ကွန်ကရစ်တံတားနှစ်စင်း၊ ဘေလီတံတား လေးစင်း၊ ကွန်ကရစ်လမ်း(၀/၆)မိုင်၊ ရေပြွန် ၁၅ စင်း၊ ရေရရှိရေးလုပ်ငန်းတစ်ခုနှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း ၂၅ ခု၊ ထောက်ပံ့လှူဒါန်းမှု ၁၈ ခုတို့အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၉၄၂၉ ဒသမ ၁၀၂ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ တစ်ဒေသနှင့်တစ်ဒေသ လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီး တိုင်းရင်းသားပြည်သူအချင်းချင်း ရိုးရာယဉ်ကျေးမှုများ ဖလှယ်ကာ သွေးစည်းချစ်ကြည်ခိုင်မြဲလာမည်ဖြစ်သည်။

ငွေကြယ်

# ကိုယ့်စည်း ကိုယ့်ကမ်း မပျက်တမ်း လိုက်နာဘေးကင်းရ

ဒေါက်တာသိန်းဆွေ (ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)

မြန်မာနိုင်ငံအနေဖြင့် အောက်တိုဘာ ၃၁ ရက်အထိ ကိုဗစ်- ၁၉ ရောဂါပိုးရှိသူပေါင်း ၅၂၇၀၆ ဦးရှိပြီး သေဆုံးသူပေါင်း ၁၂၃၇ ဦး ရှိသွားပြီ ဖြစ်ပါသည်။ ရောဂါပျောက်ကင်း၍ဆေးရုံမှ ဆင်းခွင့်ရသူများမှာလည်း ၃၁၃၃၀ ရှိပြီ ဖြစ်ပါသည်။

ထိုမျှများပြားလှသော ရောဂါခံစားရသူများကို ကုသစောင့်ရှောက်မှုပေးနေရသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အတော်ပင်ပန်းနွမ်းနယ်နေကြပြီဟု မျှော်လင့်မိပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးသည် အထိခိုက်အပျက်အစီးအများဆုံး ခံနေရသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းအသီးသီးဖြင့် အားဖြည့်လျက် ဆောင်ရွက်ရသကဲ့သို့ ဆေးရုံများကို တိုးချဲ့ပြင်ဆင်ဆောက်လုပ်လျက် လူနာများကို စောင့်ရှောက်နိုင်ရေးအတွက် စေတနာရှင်များ၏ စိတ်အားထက်သန်စွာ ဆောင်ရွက်နေမှုများကို မြင်တွေ့နေရခြင်းမှာ အားရဝမ်းမြောက်ဖွယ်ရာများဖြစ်ပြီး သာဓုအကြိမ်ကြိမ် ခေါ်နေမိပါသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံသို့ ကူးစက်လာမှုပုံသဏ္ဌာန်သည် ပထမပိုင်းတွင် ပြည်ပပြန်များ၌ ရောဂါပိုး တွေ့ရှိရပြီး ထိုမှတစ်ဆင့် အစုအဖွဲ့(Cluster) အလိုက် ကူးစက်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ နောက်ပိုင်းတွင် လူထုအတွင်း ရောဂါလက္ခဏာမပြသော ရောဂါပိုးသယ်ဆောင်သူတို့မှတစ်ဆင့် ကူးစက်လာကာ လျင်မြန်စွာ အများစုကို ကူးစက်ခံရသည့်အတွက် ထိန်းချုပ်ရန် အလွန်ခက်ခဲသောအခြေအနေနှင့် ရင်ဆိုင်ခဲ့ကြရပြီး ပင်ပန်းကြီးစွာ ဆောင်ရွက်နေကြရခြင်းလည်း ဖြစ်ပါသည်။ ထို့အတူပင် အသက်အားဖြင့် ကြီးရင့်သူများ၊ ရောဂါအခံဖြစ်သော သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများရှိသူတို့ကိုပါ ကူးစက်ခံရပြီး သေဆုံးမှု ပိုမိုများပြားလာခြင်းပင် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်စ နှစ်ဦးပိုင်းကာလမှစ၍ အသက်အရွယ်ကြီးသူများ၊ ရောဂါကူးစက်ခံရလွယ်သော အစုအဖွဲ့များ ရှိသောကြောင့် အိမ်အတွင်း၌နေထိုင်ကြရန် အသိပညာပေးမှုများကို ထပ်ခါတလဲလဲ ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ ထုတ်ပြန်ခဲ့သည့်အလျောက် အိမ်တွင်းနေထိုင်သူများက အများစုပင်ဖြစ်ပါသည်။ သို့သော်လည်း ယခုတစ်ကြိမ် ပြန်လည်ဖြစ်ပြီး ရောဂါကူးစက်မှုများလာသော စက်တင်ဘာလမှစ၍ ယနေ့အထိကာလတွင် အိမ်တွင်နေထိုင်နေသော အဘိုးအဘွားတို့တွင် ရောဂါကူးစက်မှုများကို တွေ့မြင်ကြားသိလာကြရပြီး သေဆုံးမှု အများစုသည်လည်း ဖော်ပြပါအသက်အရွယ်အားဖြင့် ကြီးသူများ၊ ရောဂါအခံရှိသူများ ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

**အိမ်တွင်းနေလျက် ဘာကြောင့်ကူးစက်ခံရပါသလဲ**

အိမ်တွင်နေကြသော်လည်း ဘာကြောင့် ရောဂါကူးစက်ခံရသလဲ ဟူသောအခြေအနေကို လေ့လာကြည့်လျှင် အတူနေသူ ငယ်ရွယ်သူတို့၏ သတိမထားမှုများကြောင့် ကူးစက်ခံနေရကြောင်းဟု သုံးသပ်ရမည်ဖြစ်ပါသည်။ အားလုံးသိကြသည့်အတိုင်း စက်တင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီးအချို့တွင် အိမ်အတွင်း၌ နေထိုင်၍ (Stay at Home) အစီအမံဖြင့် စတင်ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ဆောင်ရွက်ရခြင်းမှာ ရောဂါလက္ခဏာမပြသောသူများလာသဖြင့် မည်သူကမည်သူ့ကို ကူးစက်နိုင်သည်ကို အကဲခတ်ရ ခက်ခဲလာသောကြောင့် အိမ်တွင်းတွင် နေထိုင်ခြင်းဖြင့် ကူးစက်ခံရနိုင်မှုအခြေအနေ နည်းပါးသက်သာစေရေးအတွက် ဆောင်ရွက်ကြရခြင်းလည်း ဖြစ်ပါသည်။ သို့သော်လည်း ဆေးဝါးကုသမှုခံယူရန်၊ ဈေးဝယ်ရန်၊ ဆေးဝယ်ရန်အတွက်နှင့် အခြားရပ်နားထား၍ မရသောလုပ်ငန်းများအတွက် ဝန်ထမ်းများကိုမူ တစ်ဝက်လျှော့၍ အိမ်မှအလုပ်လုပ်ဟူသော လူစုလူဝေးဖြစ်ပွားမှုကို လျှော့နည်းစေခြင်းအား ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သို့သော်လည်း လိုက်နာသူများရှိသကဲ့သို့ မလိုက်နာသူများလည်းရှိသောအခါ တချို့သောနေရာများတွင် သိသိသာသာ လျော့နည်းသွားသော်လည်း တချို့သောနေရာများတွင်တော့ ထင်သလောက် မလျော့နည်းသည့်အပြင် သတ်မှတ်စည်းကမ်းများကို မလိုက်နာသူများကလည်း ရှိနေကြပြန်ပါသည်။

ထို့အပြင် အိမ်ပြန်ရောက်လျှင် အိမ်အဝင်တွင် လက်ကို ဆပ်ပြာ သို့မဟုတ် အရက်ပြန်ပါသော လက်ဆေးရည်ဖြင့် ဆေးကြောခြင်း၊ နှာခေါင်းစည်းကို သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်း၊ အဝတ်အစားများကို ဆပ်ပြာရည် ထည့်ထားသော ပုံးအတွင်းထည့်ပြီး စိမ်၍လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကလည်း အိမ်တွင်းရှိ အသက်ကြီးသူများနှင့် ငယ်သူများကို မကူးစက်ရန် လိုက်နာရမည့်နည်းလမ်းများပင်ဖြစ်သည်။ ထိမိကိုင်မိတိုင်းလည်း လက်မဆေး၊ ထိမိကိုင်မိလွယ်သောနေရာများ၊ ပစ္စည်းများ စသည်တို့ကိုလည်း ပိုးသတ်ဆေးဖြင့် မဆေးကြောခြင်းဟူသော လစ်ဟင်းမှုများကြောင့် အိမ်တွင်းမှာနေသောသူများကို ကူးစက်စေခြင်းပင် ဖြစ်ပါသည်။ အကယ်၍သာ လိုက်နာဆောင်ရွက်မည်ဆိုလျှင် ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။ အကြောင်းမညီညွတ်၍ ရောဂါကူးစက်ခံရပါက ရောဂါလက္ခဏာပြသသည်နှင့် ဆောလျင်စွာ ကုသရေးစင်တာများ၊ ဆေးရုံများသို့ အချိန်မီ သွားရောက်စစ်ဆေးကုသမှု ခံယူကြရမည်ဖြစ်ပါသည်။ အချိန်နှောင်းမှ ဆေးရုံဆေးခန်းသို့ ရောက်ရှိလာမည်ဆိုလျှင် လွယ်လွယ်နှင့် ကုသပေးနိုင်သောအခြေအနေမှ ခက်ခဲသော အခြေအနေမျိုးဖြင့် အသက်ကိုလု၍ ကုသရခြင်းဖြင့် အသက်ဆုံးရှုံးနိုင်သည်ကို အထူးပင်အလေးဂရုပြု လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အလေးထားဖော်ပြလိုပါသည်။

**ကိုယ့်စည်း ကိုယ့်ကမ်း မပျက်တမ်း လိုက်နာဘေးကင်းရ**

"မည်သို့ပင် ပြင်းထန်သည့်အခက်အခဲ ရှိသည် ဆိုငြားအံ့ ရှင်သန်နိုင်သော၊ ဘေးကင်းစေနိုင်သော အခြေအနေများသည် ရှိမြဲသာ" ဟု ဆိုကြပါသည်။ ဟုတ်ပါသည်၊ ဤကူးစက်မှုပြန့်ပြီး အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် မာယာကြွယ်လှသော ဤကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်နိုင်မှုကောင်းသောနည်းလမ်းများမှာ ရှိပြီးဖြစ်ပါသည်။ အားလုံးအတွက်လည်း လွယ်ကူသော အခွင့်အရေးကောင်းများကို အဘယ်ကြောင့် သတိမမူ၊ သတိမထား၊ အသိတရားကင်းစွာဖြင့် မိမိကိုယ်ကို ထိခိုက်စေခြင်း၊ အတူနေသူ မိသားစုများ၊ သူငယ်ချင်း အပေါင်းအသင်းတို့အား ထိခိုက်ပျက်စီး၊ အသက်ဘေးနီးသော အပြုအမူများကို မပြုလုပ်ဘဲ ဆင်ခြင်၍ လိုက်နာရမည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြဖို့ လိုနေပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းက ဤမျှလွယ်ကူပြီး ကုန်ကျမှုသက်သာသော ကာကွယ်ရေးနည်းလမ်းများကို လိုက်နာခြင်းဖြင့် ယနေ့ရင်ဆိုင်နေရသော ကပ်ရောဂါကို ကျော်လွှားနိုင်ကြောင်း စေတနာကောင်းဖြင့် အသိပေးမျှဝေလိုက်ရပါသည်။

> **ရောဂါကာကွယ်ရေးလုပ်ငန်း၏ အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်မှာ တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့သည် အထူးအရေးကြီးလှပါသည်။ တစ်ဦးတစ်ယောက်၏ တာဝန်မဲ့ခြင်းကြောင့် လူအများကို ကူးစက်မှုဖြစ်စေပြီး ထိန်းသိမ်းမှုခက်ခဲသော ကပ်ရောဂါဖြစ်ပွားမှုကာလ တာရှည်မည်ကို သတိပြုကြရပါမည်။ တစ်ဦးချင်းစီ တာဝန်ယူပြီး ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကာ တာဝန်ပေးခံရသူတစ်ဦးချင်းကလည်း တာဝန်ခံနိုင်ကြမည်ဆိုလျှင် ဤကပ်ဘေးအား ထိန်းချုပ်နိုင်မည်သာဖြစ်။**

**(က) လုံအောင်အုပ်**

အပြင်ထွက်တိုင်း နှာခေါင်းစည်းများကို အမြဲသုံးစွဲကြပါ။ ထိုသို့သုံးစွဲလျှင်လည်း စနစ်မကျ လျော့လျော့ရဲရဲ မဖြစ်စေဘဲ ပါးစပ်၊ နှာခေါင်းတို့အား လုံခြုံအောင် ဖုံးအုပ်ရေးကို အလေးပေးပါ။

**(ခ) လက်ကိုဆေး**

ရောဂါပိုးများသည် လေမှတစ်ဆင့် အရာဝတ္ထုအသီးသီးပေါ်သို့ ကျရောက်ကပ်တွယ်နိုင်သောကြောင့် ကိုင်မိလျှင် လက်မှတစ်ဆင့် နှာခေါင်း၊ မျက်စိစသည်တို့မှ မိမိကိုယ်ကိုလည်းကောင်း၊ မိမိကိုင်မိသောပစ္စည်းကို အခြားသူများ (အထူးသဖြင့်) အတူနေသူများကိုလည်းကောင်း ကူးစက်နိုင်သောကြောင့် လက်ကို ဆပ်ပြာ သို့မဟုတ် အရက်ပြန်ပါသော လက်ဆေးရည်များဖြင့် မကြာမကြာ လက်ကိုဆေးပါ။

**(ဂ) လူချင်းခပ်ခွာခွာနေ**

ရောဂါပိုးများကို သယ်ဆောင်သူတစ်ယောက်မှ အသက်ရှူထုတ်ရာတွင်လည်းကောင်း၊ ချောင်းဆိုးရာတွင်လည်းကောင်း၊ နှာချေရာတွင်လည်းကောင်း၊ ရောဂါပိုးတို့သည် ခြောက်ပေနီးပါးတိုင်အောင် လွင့်ပါးရောက်ရှိနိုင်သောကြောင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းဖြင့် ကာကွယ်နိုင်သကဲ့သို့ လူအများ စုဝေးရာနေရာများသို့ သွားရောက်ခြင်း မပြုခြင်းဖြင့် ရောဂါကူးစက်မှုကို ကောင်းစွာ ကာကွယ်နိုင်ပါမည်။

**(ဃ) အိမ်တွင်းမှာနေ**

အိမ်ပြင်ထွက်သည်နှင့် အများသူငါ သွားလာနေသူများနှင့် ထိတွေ့နိုင်ခြင်း၊ ရောဂါသည်ဟု မည်သူမျှ မသိရှိနိုင်၍ ထိုသူကိုင်ထားသောပစ္စည်းများကို ကိုင်မိခြင်းဖြစ်ရန် အလားအလာ အလွန်များလှသောကြောင့် အိမ်တွင်နေခြင်းသည်သာ ရောဂါကူးစက်ရန် အခွင့်အလမ်း အလွန်နည်းပါးလှပါသည်။

**(င) ကိုယ်လက်လှုပ်ရှားမှုလုပ်**

အိမ်တွင်းနေထိုင်ရခြင်းကြောင့် လှုပ်ရှားမှု၊ သွားလာမှုနည်းပါးနိုင်ပါသည်။ ထို့ကြောင့် သွေးလေညီညွတ်စွာ လည်ပတ်နိုင်ရေး၊ စိတ်ဖိစီးမှုလျော့ပါးစေရေးအတွက် အိမ်အတွင်းမှာပင် လွယ်ကူသော ကိုယ်လက်လှုပ်ရှားမှုများကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(စ) စိတ်ကိုကြည်လင်အောင်ထား**

ကြားရသည့်သတင်းများသည် စိတ်မချမ်းသာစရာ၊ အားငယ်စရာများ၊ စိုးရိမ်စရာ အလွန်များလှပါသည်။ ထို့ကြောင့် စိတ်ရှုပ်ခြင်း၊ စိတ်အားငယ်စေခြင်းများကြောင့် စိတ်ဓာတ်ကျစရာများ ဖြစ်နိုင်ပါသည်။ ထိုသို့ စိတ်ကျခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့သည် ကိုယ်ခံအားကို လျော့နည်းစေခြင်းကြောင့် ရောဂါကူးစက်လွယ်ပါသည်။

ထို့ကြောင့် မိမိတို့ကိုးကွယ်ရာ ဘာသာတရားများအလိုက် တရားဓမ္မစာများကို ဖတ်ခြင်း၊ တရားထိုင်ခြင်း၊ ကောင်းသောအတွေး၊ မိမိလှူဒါန်းထားသော အလှူဒါနကုသိုလ်ကောင်းမှုများကို စိတ်တွင် ထည့်သွင်းလျက် အာရုံပြုခြင်း၊ တရားထိုင်ခြင်းများကို ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**(ဆ) ကိုယ်တိုင်တာဝန်ယူ၊ တာဝန်ခံ**

ရောဂါကာကွယ်ရေးလုပ်ငန်း၏ အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်မှာ တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့သည် အထူးအရေးကြီးလှပါသည်။ တစ်ဦးတစ်ယောက်၏ တာဝန်မဲ့ခြင်းကြောင့် လူအများကို ကူးစက်မှုဖြစ်စေပြီး ထိန်းသိမ်းမှုခက်ခဲသော ကပ်ရောဂါဖြစ်ပွားမှုကာလ တာရှည်မည်ကို သတိပြုကြရပါမည်။ တစ်ဦးချင်းစီ တာဝန်ယူပြီး ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကာ တာဝန်ပေးခံရသူတစ်ဦးချင်းကလည်း တာဝန်ခံနိုင်ကြမည်ဆိုလျှင် ဤကပ်ဘေးအား ထိန်းချုပ်နိုင်မည်သာ ဖြစ်ပါသည်။

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် **(၁) လုံအောင်အုပ် (၂) လက်ကိုဆေး (၃) ခပ်ခွာခွာနေ (၄) အိမ်တွင်းမှာနေ (၅) ကိုယ်လက်လှုပ်ရှားလုပ် (၆) စိတ်ကိုကြည်လင်အောင်ထား (၇) ကိုယ့်တာဝန်ကိုယ်ယူ/ တာဝန်ခံ** ဟူသောအခြေခံလိုက်နာသင့်သည်များကို လိုက်နာကြခြင်းဖြင့် ကပ်ရောဂါဘေးမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

---

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါပိုး တွေ့ရှိသူများအနက် ၅၅ ဦး ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ပြု

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၁**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူ ယနေ့အထိ ၉၄ ဦးရှိပြီဖြစ်သည်။ ယနေ့ မွန်းလွဲ ၂ နာရီက ရောဂါပိုးတွေ့ရှိသူ သုံးဦးသည် မြို့နယ်ခုတင် (၁၀၀) ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိရာမှ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသည်။

ရောဂါပိုးတွေ့ရှိသူများအား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစန်းဝင်းနှင့် ဝန်ထမ်းများက ကုသပေးလျက်ရှိရာ အားလုံးကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။

မြို့နယ်တွင် ယနေ့ဆေးရုံမှဆင်းသူ သုံးဦးအပါအဝင် ဆေးရုံမှဆင်းသူစုစုပေါင်း ၅၅ ဦး ရှိပြီဖြစ်သည်။ မြို့နယ်ခုတင်(၁၀၀)ဆေးရုံတွင် ရောဂါပိုးရှိ၍ ဆေးကုသမှု ခံယူသူ ၃၉ ဦး ဖြစ်သည်။

မြို့နယ်တွင် ပိုးရှိလူနာများနှင့် ထိတွေ့သူများအား FQ ထားရှိသူ၊ ရပ်/ကျေးများတွင် နေရပ်ပြန်အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း ၁၉၉ ဦးရှိပြီး အထက (၁)၊ ခုတင်(၅၀)ဆေးရုံ၊ အားကစားခန်းမဆောင်သစ်၊ ဒေါ်မေမေစိန်ခန်းမတို့တွင် Facility Quarantine Centre ဖွင့်လှစ်ထားရှိကာ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် အသင်းအဖွဲ့များ၊ အရေးပေါ်စေတနာလုပ်အားရှင်အဖွဲ့တို့က အလှည့်ကျစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက လိုအပ်လျက်ရှိသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ သောက်ရေသန့်များ၊ အလှူငွေများ နေ့စဉ်လာရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

သီတာအောင်(ပြန်/ဆက်)

## မဲပေးဖို့အတွက် ကိုယ့်ရဲ့အင်အားတွေကို စုထားပါ



အခုရွေးကောက်ပွဲနီးလာတာနဲ့အမျှ ပြည်သူလူထုဟာ ကိုဗစ်-၁၉ အတွက်ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းဘောင် အတွင်းကနေဖို့ အင်မတန်မှအရေးကြီးပါတယ်။ ရွေးကောက်ပွဲနီးလာတာနဲ့အမျှ အောင်နိုင်ရေးနဲ့ပတ်သက်လို့ လှုပ်ရှားနေတဲ့ ပါတီအသီးသီးဟာ စည်းမျဉ်းစည်းကမ်းတွေကို သတိပြုပြီးလိုက်နာစေချင်ပါတယ်။ ဒါဟာအများရဲ့ ကျန်းမာရေး အတွက်လည်းဖြစ်တယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် သည်းခံကြပါ။ အောင်နိုင်ရေးကို အင်တိုက်အားတိုက် လုပ်ချင်ကြတယ်ဆိုပေမယ့် အရေးကြီးတာကတော့ ၈ ရက်နေ့ကျရင် အင်တိုက်အားတိုက်မဲပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကြိုတင်မဲပေးခွင့်ရှိသူတွေကလည်း ၈ ရက်နေ့ မတိုင်ခင် စပြီးမဲပေး နိုင်ပါတယ်။ ဒါကြောင့် မဲပေးဖို့အတွက် ကိုယ့်ရဲ့အင်အားတွေကိုစုထားပါ။ အောင်နိုင်ရေးအတွက် ပါတီတိုင်းက သူတို့ရဲ့တာဝန်အရ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက လုပ်သင့်လုပ်ထိုက်တာတော့ လုပ်ရမှာပေါ့။ ကျွန်မတို့ပြည်သူ တွေက ကိုယ်ထောက်ခံတဲ့ပါတီကို ဝန်းရံတဲ့နေရာမှာ ကိုဗစ်စည်းမျဉ်းစည်းကမ်းဘောင်ကျော်သွားတာတွေလည်း ရှိတတ် ပါတယ်။ အဲဒါတွေကို သတိပြုပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ**

၁။ (၃၀-၁၀-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၀၉၃) ဦး** ၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အမည် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၁၀၄ |
| | | သင်္ဃန်းကျွန်း | ၁၀၄ |
| | | ကြည့်မြင်တိုင် | ၆၄ |
| | | အင်းစိန် | ၆၂ |
| | | ရွှေပြည်သာ | ၄၈ |
| | | တောင်ဥက္ကလာပ | ၄၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၄၀ |
| | | သန်လျင် | ၃၅ |
| | | လှိုင်သာယာ | ၃၃ |
| | | မြောက်ဥက္ကလာပ | ၂၆ |
| | | လှိုင် | ၂၆ |
| | | ကမာရွတ် | ၂၅ |
| | | သာကေတ | ၂၄ |
| | | ဒဂုံ | ၁၉ |
| | | ပုဇွန်တောင် | ၁၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၈ |
| | | ဒလ | ၁၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၇ |
| | | ကျောက်တံတား | ၁၇ |
| | | လသာ | ၁၇ |
| | | ဗဟန်း | ၁၆ |
| | | မင်္ဂလာတောင်ညွန့် | ၁၄ |
| | | တာမွေ | ၁၄ |
| | | ကျောက်တန်း | ၁၁ |
| | | အလုံ | ၁၁ |
| | | မှော်ဘီ | ၈ |
| | | ကော့မှူး | ၈ |
| | | ဆိပ်ကမ်းသာ | ၇ |
| | | ပန်းဘဲတန်း | ၅ |
| | | သုဝဏ္ဏ | ၅ |
| | | ရန်ကင်း | ၄ |
| | | ကော့မှူး | ၄ |
| | | ကြည့်မြင်တိုင် | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | လမ်းမတော် | ၃ |
| | | ကိုကိုး | ၃ |
| | | ပုဇွန်တောင် | ၁ |
| | | အင်းစိန် | ၁ |
| | | ဒလ | ၁ |
| | | | စုစုပေါင်း ၈၀၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၁၇ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | အောင်မြေသာစံ | ၄ |
| | | ချမ်းအေးသာစံ | ၂ |
| | | ချမ်းမြသာစည် | ၂ |
| | | မိတ္ထီလာ | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | မကျိုး | ၁ |
| | | မိုးကုတ် | ၁ |
| | | မြင်းခြံ | ၁ |
| | | | စုစုပေါင်း ၃၃ |
| ၃။ | ရှမ်းပြည်နယ် | တောင်ကြီး | ၄ |
| | | ကလော | ၄ |
| | | မိုးမိတ် | ၃ |
| | | ဟိုပုံး | ၃ |
| | | ရွှေညောင် | ၃ |
| | | လားရှိုး | ၁ |
| | | ညောင်ရွှေ | ၁ |
| | | | စုစုပေါင်း ၁၉ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | သုံးဆယ် | ၉ |
| | | ပဲခူး | ၈ |
| | | သာယာဝတီ | ၇ |
| | | ဒိုက်ဦး | ၅ |
| | | ပေါင်း | ၃ |
| | | ညောင်လေးပင် | ၂ |
| | | ရေတာရှည် | ၂ |
| | | ဖြူး | ၂ |
| | | ပြည် | ၁ |
| | | တောင်ငူ | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | ကျောက်တံခါး | ၁ |
| | | အုတ်တွင်း | ၁ |
| | | နတ်တလင်း | ၁ |
| | | ဝေါ်ဝင်းမဒိုင်း | ၁ |
| | | | စုစုပေါင်း ၄၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင်မြို့သစ်ကျွန်း | ၈ |
| | | ပုသိမ် | ၆ |
| | | ကျိုက်လတ် | ၅ |
| | | ဟင်္သာတ | ၅ |
| | | မြန်အောင် | ၅ |
| | | ကန်ကြီးထောင့် | ၄ |
| | | ဓနုဖြူ | ၄ |
| | | ဖျာပုံ | ၃ |
| | | မြောင်းမြ | ၂ |
| | | ဝါးခယ်မ | ၁ |
| | | ညောင်တုန်း | ၁ |
| | | | စုစုပေါင်း ၄၄ |
| ၆။ | ရခိုင်ပြည်နယ် | သံတွဲ | ၂ |
| | | ကျောက်ဖြူ | ၁ |
| | | စစ်တွေ | ၁ |
| | | ကျောက်တော် | ၁ |
| | | | စုစုပေါင်း ၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၈ |
| | | မင်းဘူး | ၅ |
| | | ပခုက္ကူ | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | တောင်တွင်းကြီး | ၁ |
| | | ချောက် | ၁ |
| | | ရေနံချောင်း | ၁ |
| | | သရက် | ၁ |
| | | | စုစုပေါင်း ၂၂ |
| ၈။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | ဟားခါး | ၁ |
| | | | စုစုပေါင်း ၂ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၅ |
| | | မုံရွာ | ၃ |
| | | ရွှေဘို | ၂ |
| | | ခင်ဦး | ၁ |
| | | မုံရွာ | ၁ |
| | | အင်းတော် | ၁ |
| | | | စုစုပေါင်း ၁၃ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၅ |
| | | ကော့သောင်း | ၁ |
| | | | စုစုပေါင်း ၆ |
| ၁၁။ | ကရင်ပြည်နယ် | ဘားအံ | ၈ |
| | | | စုစုပေါင်း ၈ |
| ၁၂။ | မွန်ပြည်နယ် | မော်လမြိုင် | ၁ |
| | | ကျိုက်မရော | ၁ |
| | | ဘီးလင်း | ၁ |
| | | ရေး | ၁ |
| | | သထုံ | ၁ |
| | | | စုစုပေါင်း ၅ |
| (၃၀-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၀၉၃) ဦး |

မှတ်ချက်။ (၃၀-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၉၃) ဦးတွင် အနံ့မရရှိသူ (၁၆၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကြာစွယ်ကြာရိုး ဘယ်လိုပင်ချိုးချိုး အမျှင်က တန်းတန်း

## ကိုရင်သြ



Photo Credit: VOACAMBODIA

နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပလတ္တံ့သော အမေရိကန် ရွေးကောက်ပွဲကြီး၌ အကယ်၍ ဂျိုးဘိုင်ဒင် အောင်ပွဲခံမည်ဆိုလျှင် မဟာဗျူဟာအရ အချက်အချာကျလှသော အရှေ့တောင်အာရှဒေသအပေါ် မည်ကဲ့သို့သော အကျိုးရလဒ်များ ဖြစ်ပေါ်လာနိုင်အံ့နည်းဟူ၍ ဆန်းစစ်လေ့လာထားသည့် 'အတွေးအမြင်' ဆောင်းပါးတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်သော နိုင်ငံခြားရေးမူဝါဒဆိုင်ရာ နောက်ခံအကြောင်းခြင်းရာများကို လက်လှမ်းမီသရွေ့ စေ့ငုလေ့လာမိလေ၏။

ထိုဆောင်းပါးကို မွေနှောက်ရေးသားသူသည်ကား ဒေးဗစ်ဟတ်ဆိုသူ သတင်းစာဆရာကြီးတစ်ဦး ဖြစ်ပြီးလျှင် သူသည် ဝါရှင်တန်ဒီစီအခြေစိုက် အာရှ-ပစိဖိတ်ဒေသရေးရာ သတင်းမဂ္ဂဇင်းကြီးဖြစ်သော 'သံတမန်' (ဝါ) 'ဒီပလိုမက်'၏ အရှေ့တောင်အာရှရေးရာ ပင်တိုင်ဆောင်းပါးရှင်ဖြစ်၏။

ထိုဆောင်းပါးပါ ဖော်ပြချက်များအနက်မှ အဓိက အချက်အလက်များကို ချက်စေ့လက်စေ့ စိစစ်စူးစမ်းကြည့်လေသော် ဦးစွာတွေ့မြင်ရသည်မှာကား-

### ရည်ညွှန်းပြောဆို

အရှေ့တောင်အာရှဒေသအပေါ်ထားရှိသော သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒများတွင် အလွဲအမှားများရှိသည်ဟု ယူဆကြသူများသည် သူတို့၏ 'အလွဲအမှား' ဟုဆိုသော ထောက်ကွက်များအဖြစ် အဆီအငေါ်မတည့်မှုတစ်ပုံတစ်ပင်ကို တသီတတန်း ထောက်ပြရာ၌ ပစိဖိတ်သမုဒ္ဒရာ တစ်ဖက်ကမ်းနိုင်ငံများနှင့် မိတ်ဖက်ပြုဆောင်ရွက်ရေး ကုန်သွယ်ရေးသဘောတူညီချက်(တီပီပီစာချုပ်)မှ အမေရိကန် နုတ်ထွက်ခဲ့မှုမှသည် ၂၀၁၉ ခုနှစ်တွင် ဗန်ကောက်မြို့၌ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ သမ္မတကိုယ်တိုင် မတက်ရောက်ဘဲ အကြီးတန်းအရာရှိ တစ်ဦးကိုသာ စေလွှတ်ခဲ့မှုအထိ ဖြစ်စဉ်များကို ရည်ညွှန်းပြောဆိုကြသည်ဆို၏။

**ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးမှုတို့အရ တရုတ်နိုင်ငံကို ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်လျက် အမေရိကန်အစိုးရအဖွဲ့က လွန်ခဲ့သောနှစ်တွင် ထူထောင်ခဲ့သော နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသည် မဟာဗျူဟာအရ အရေးပါသော အရှေ့တောင်အာရှဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာမည်ဆိုပါက မိမိတို့ဒေသ၏ 'ဘူမိ-စီးပွားရေး'(Geo-economic) အင်အားကြီးထွားလာမှုအရွေ့ကို သိသိသာသာ ဖြစ်ပေါ်လာစေ...**

သမ္မတထရမ့်သည် ယင်းသို့ပြုမူလင့်ကစား တစ်ဖက်တွင် ထိုင်းနိုင်ငံနှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့်လည်းကောင်း ယခင်က ဆက်ဆံရေးဆိုးရွားခဲ့မှုကို ပြည်ဖုံးကားချကာ ပြန်လည်သင့်မြတ်ရေးဘက်သို့ ဦးတည်ခဲ့သည်။ ယင်းမှာ အဆိုပါ နှစ်နိုင်ငံအနေဖြင့် တန်ခိုးဩဇာတက်လာသော တရုတ်နိုင်ငံဘက်သို့ မယိမ်းရလေအောင် သူကြံဆောင်ခြင်းဖြစ်သည်ဟု ဆောင်းပါးရှင်က ဆိုသည်။

အကယ်၍ ဂျိုးဘိုင်ဒင် အာဏာရရှိလာပါက သူ၏ အစိုးရအဖွဲ့သည် အရှေ့တောင်အာရှဒေသဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ ယခင်အစိုးရ၏ လမ်းစဉ်မှ သွေဖည်ခြင်းရှိ၊ မရှိဆိုသောအချက်မှာ ထင်ကြေးသက်သက်သာ ဖြစ်လိမ့်မည်။ သို့တစေ ရွေးကောက်ပွဲတွင် ဘိုင်ဒင် အောင်ပွဲခံမည်ဆိုလျှင် မူဝါဒရေးရာ ပြောင်းလဲချက်ကို တွေ့မြင်လာကြရလိမ့်မည်ဟု ဆန်းစစ်လေ့လာသူများနှင့် လေ့လာစောင့်ကြည့်ကြသူများက ယုံကြည်ယူဆကြသည်ဆို၏။

အမေရိကန်သည် အရှေ့တောင်အာရှဒေသနှင့် ကုန်သွယ်ရာတွင် ကုန်သွယ်မှုပမာဏမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် သမ္မတထရမ့်၏ အစိုးရအဖွဲ့တာဝန်စတင်ယူခြင်းမရှိမီကာလကထက် ပိုမိုတိုးတက်လာနေသည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို စီးပွားရေးအရ ဒဏ်ခတ်မည်တကဲကဲ ပြောဆိုနေသည့်ကြားမှ ကုန်သွယ်မှု တိုးတက်လာခြင်းဖြစ်ကြောင်း၊ ငွေကြေးကစားသည့် နိုင်ငံများအဖြစ် ထရမ့်က ရှုတ်ချပြောဆိုခဲ့သော်လည်း အရှေ့တောင်အာရှဒေသ၏ ထိပ်သီးစီးပွားရေးအင်အားရှင် နိုင်ငံများအနက် ယင်းနှစ်နိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရာတွင် ကုန်သွယ်ရေးပိုငွေပြမှုများရှိကြောင်း ဆောင်းပါးတွင် ဖော်ပြထားသည်။

ထရမ့်၏အစိုးရအဖွဲ့သည် လွန်ခဲ့သည့်နှစ်မှစ၍ အစီအစဉ်သစ်နှစ်ရပ်ကို အစပြုခဲ့ရာ အရှေ့တောင်အာရှဒေသတွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုအသစ်များအဖြစ် ဒေါ်လာငွေ ကုဋေပေါင်းများစွာ စီးဝင်လာခဲ့သည်။ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" အစီအစဉ်မှတစ်ဆင့် တရုတ်နိုင်ငံက ပုံအောရင်းနှီးမြှုပ်နှံလာနေချိန်တွင် အမေရိကန်က အရှေ့တောင်အာရှနိုင်ငံများအတွက် အခြားသော ရွေးလမ်းတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာခဲ့ခြင်းဖြစ်သည်ဆို၏။

ထရမ့်အပေါ်ထားရှိသော ဒေသဆိုင်ရာ နိုင်ငံများ၏ အမြင်များမှာမူ အကောင်းမြင်သည်လည်းရှိ၊ အဆိုးမြင်သည်လည်းရှိ ထွေထွေရာရာဖြစ်၏။ ရေစီးတစ်ခါ၊ ရေသာတစ်လှည့် ဖြစ်၏။ ထရမ့်ကို စိတ်အပြောင်းအလဲမြန်သူ၊ စိတ်ကြွပ်သူ၊ စိတ်အချဉ်ပေါက်တတ်သူ သမ္မတကြီးအဖြစ်လည်း ရှုမြင်ကြသည်သာ။

### ဟောကိန်းမှားယွင်းခဲ့

သမ္မတ အိုဘားမား၏ လက်ထက်ကလောက် အရှေ့တောင်အာရှဒေသသို့ အမေရိကန် အကြီးတန်းတာဝန်ရှိသူများ အရောက်အပေါက် မများနိုင်ပါဟူ၍ ကျွမ်းကျင်သူပညာရှင်များက ၂၀၁၇ ခုနှစ်တွင် ဟောကိန်းထုတ်ခဲ့ကြသော်လည်း လက်တွေ့တွင် ယင်းဟောကိန်းမှားယွင်းခဲ့ပြီး ရှေးနည်းတူစွာပင် အာရှဒေသသို့ အမေရိကန်အစိုးရ အထက်တန်းပုဂ္ဂိုလ်များ သံတမန်ရေးခရီးနှင်မှုများရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ထရမ့်၏ ပြိုင်ဘက်ဖြစ်ခဲ့သူ (အိုဘားမားလက်ထက် နိုင်ငံခြားရေးဝန်ကြီး) ဟီလာရီကလင်တန်၏ သံတမန်ရေးလှုပ်ရှားမှုမှာ ပြောစမှတ်ပြုခဲ့ကြပြီး ထရမ့်၏ အစိုးရအဖွဲ့လက်ထက်တွင်လည်း အားကျမခံ သူ၏အစိုးရအဖွဲ့မှ တာဝန်ရှိသူများ အာရှဒေသနှင့် သံတမန်ရေးအရ နွေးထွေးမှုကို ဆက်လက်ပြသနေဆဲဖြစ်ကြောင်း ဆောင်းပါးရှင်က နှိုင်းယှဉ်ဖော်ပြထားလေသည်။

သမ္မတထရမ့်၏ လက်ထောက် ဒုတိယသမ္မတ မိုက်ပန့်စ်သည် အရှေ့တောင်အာရှဒေသတွင် ၂၀၁၇ ခုနှစ်က ပြုလုပ်သော ထိပ်သီးညီလာခံများသို့ တက်ရောက်ခဲ့သည်။ သမ္မတထရမ့်ကိုယ်တိုင်သည်ပင် ၂၀၁၈ ခုနှစ်တွင် ကိုယ်ထင်ပြခဲ့သည်မဟုတ်ပါလော။ အရှေ့တောင်အာရှဒေသအပေါ် ယုံမှတ်ပုံအပ်မှုကို ပြသသည့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်နေရာအဖြစ် စင်ကာပူ သို့မဟုတ် ဗီယက်နမ်ကို သတ်မှတ်ခဲ့သည်။

### စိတ်ခံစားမှုဖြစ်ပေါ်ခဲ့

အရှေ့တောင်အာရှဒေသသည် သမ္မတထရမ့်၏ အစိုးရအဖွဲ့အတွက် မူဝါဒရေးရာ ဦးစားပေးအဆင့်အတန်းတွင် ရှိသည်၊ မရှိသည်အပထား ၂၀၁၈ ခုနှစ် နှောင်းပိုင်းအထိ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ကျင့်သုံးခဲ့သည်ဟု ဒေသဆိုင်ရာ ခေါင်းဆောင်များက အခိုင်အမာရှုမြင်ခဲ့ကြသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်ရောက်သည်တွင် ယင်းနှစ်၏ အာဆီယံထိပ်သီးညီလာခံသို့ အကြီးတန်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထရမ့်က စေလွှတ်ပေးခြင်းမရှိသဖြင့် ဒေသဆိုင်ရာခေါင်းဆောင်များမှာ သမ္မတထရမ့် မိမိတို့ကို မတူမတန် ပမာမခန့် ပြုမူဆက်ဆံလေခြင်းဟူ၍ စိတ်ခံစားမှု ဖြစ်ပေါ်ခဲ့ကြရသည်။ အကျိုးဆက်အရ အမေရိကန်- အာဆီယံ ထိပ်သီးညီလာခံသို့ မတက်ရောက်ဘဲ သပိတ်မှောက်ရန် အရှေ့တောင်အာရှခေါင်းဆောင် အချို့က လှုံ့ဆော်ခဲ့ကြလေသည်။

မည်သို့ပင်ဆိုစေ တီပီပီစာချုပ်မှ အမေရိကန် နုတ်ထွက်ရန် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် သမ္မတထရမ့် ဆုံးဖြတ်ခဲ့ပြီးသော် သူ့အပေါ် ဒေသဆိုင်ရာ ခေါင်းဆောင်များ၏ ယုံကြည်မှု ပျက်ပြားသွားခဲ့ပုံကို ရည်ညွှန်းနိုင်ပေသည်။ သမ္မတ အိုဘားမားလက်ထက်က အစပြုခဲ့သော အဆိုပါကုန်သွယ်ရေးသဘောတူညီချက်တွင် အရှေ့အာရှမှ ဂျပန်နိုင်ငံအပါအဝင် ပါဝင်လက်မှတ်ရေးထိုးကြသော နိုင်ငံများတွင် ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ရန်ရှိနေခဲ့ပေသည်။ အဆိုပါ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တွင် တရုတ်နိုင်ငံကို ဖယ်ထုတ်ထားရန် သမ္မတအိုဘားမား၏ အစိုးရအဖွဲ့က ပေါ်ပေါ်ထင်ထင် ပြသခဲ့လေသည်။

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး မြှင့်တင်အားပေးခြင်းကို ထရမ့်က စွန့်လွှတ်ခဲ့ပုံရခြင်းနှင့်ပတ်သက်၍မူ ဒေသဆိုင်ရာ အစိုးရအဖွဲ့များအတွင်း အမြင်အမျိုးမျိုး တုံ့ပြန်ချက်အဖုံဖုံ ရှိခဲ့သည်။

အမေရိကန် ဒီမိုကရက်တို့က ကမ္ဘာတစ်လွှား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့ကို တွန်းတွန်းတိုက်တိုက် အလေးပေးခဲ့ရာမှ ထရမ့်လက်ထက်တွင် အစဉ်အလာ သံတမန်ချင်း ကူးလူးဖလှယ်မှုထက် တပ်မတော်ချင်း ကူးလူးဖလှယ်မှု(စစ်ရေးဆက်ဆံမှု)ကို ပိုမိုအလေးပေးခဲ့ကြောင်း ထင်ရှားခဲ့ပေသည်။

'အာရှမဏ္ဍိုင်ပြု မူဝါဒ'ကို သမ္မတ အိုဘားမားက နိုင်ငံခြားရေးမူဝါဒ၏ အမွေအနှစ်သဖွယ် ချန်ထားရစ်ခဲ့မှုကို ဥပက္ခာပြုနိုင်ရန် သမ္မတထရမ့်က အချိန်ယူခဲ့သည်ဟူ၍ ဆောင်းပါးရှင်က ရည်ညွှန်းပြောကြားခဲ့သည်။ တရုတ်နိုင်ငံက အာရှဒေသတွင် ယင်း၏ ဘဏ္ဍာရေးအရင်းအမြစ်များနှင့် သံတမန်ရေး အရင်းအမြစ်များကို ပုံအောသွတ်သွင်းလာချိန်တွင် အိုဘားမားအစိုးရအဖွဲ့က 'အာရှမဏ္ဍိုင်ပြုမူဝါဒ'ကို ချမှတ်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၃ ရက် သမ္မတရွေးကောက်ပွဲအကြိုကာလတွင် ထရမ့်ထက် ပိုမိုရေပန်းစားလာသူ ဘိုင်ဒင်သည် အကယ်၍ ရွေးကောက်တင်မြှောက်ခံရပါက ထရမ့်၏ အစိုးရအဖွဲ့ ကျင့်သုံးခဲ့သော အရှေ့တောင်အာရှဒေသဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ချေဖျက်ခြင်း ရှိ၊ မရှိ အတိအကျ မသိရှိနိုင်ပေ။

### ပိုမိုသိမ်မွေ့သော မူဝါဒ

အကယ်၍ ဘိုင်ဒင် အာဏာရရှိလာပါက သူ့အနေဖြင့် ပိုမိုသိမ်မွေ့သော ကွဲပြားချက်ရှိသည့် မူဝါဒကို ချမှတ်ကျင့်သုံးလာမည့် လက္ခဏာများကို အထင်အရှား ပြသနေပေပြီ။

တရုတ်နိုင်ငံအပေါ် ဆန့်ကျင်ရေးအယူအဆမှာ အမေရိကန်၏ ပါတီကြီး နှစ်ပါတီစလုံးက ကိုင်စွဲသော သဘောထား ရပ်တည်ချက်အဖြစ် ယခုအခါ တွေ့မြင်နေကြရသော်လည်း ဘိုင်ဒင်အနေဖြင့် ထရမ့်၏ ပြုမူဆက်ဆံပုံအတိုင်း၊ သူ၏ ပြောပုံဟောပုံအတိုင်း လိုက်လုပ်မည်မဟုတ်မူ၍ ပညာရှင်ဆန်ဆန် သိမ်မွေ့ညင်သာစွာဖြင့် တုံ့ပြန်သွားဖွယ်ရှိသည်ဟု ဆောင်းပါးရှင်က တင်ပြထားသည်ကို ကျွန်ုပ် ဆက်လက်ဖတ်ရှုရ၏။ ထရမ့်၏ လုပ်ပုံမှာ သူ၏ မဟာမိတ်နိုင်ငံများကိုပင် စိမ်းကားရာရောက်ခဲ့သည်ဆို၏။

ဘိုင်ဒင်သမ္မတဖြစ်လာလျှင် ထရမ့်စတင်ခဲ့သော နိုင်ငံခြားရေးမူဝါဒ အစီအစဉ်အချို့ကို ဆက်လက်ကျင့်သုံးမည်ဟု ဆောင်းပါးရှင်က ဆက်လက်တင်ပြသည်။

### ဘူမိ-စီးပွားရေး အရွေ့

ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးမှုတို့အရ တရုတ်နိုင်ငံကို ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်လျက် အမေရိကန် အစိုးရအဖွဲ့က လွန်ခဲ့သောနှစ်တွင် ထူထောင်ခဲ့သော နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းသည် မဟာဗျူဟာအရ အရေးပါသော အရှေ့တောင်အာရှဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာမည်ဆိုပါက မိမိတို့ဒေသ၏ 'ဘူမိ-စီးပွားရေး'(Geo-economic) အင်အားကြီးထွားလာမှုအရွေ့ကို သိသိသာသာ ဖြစ်ပေါ်လာစေနိုင်ကြောင်း ဆောင်းပါးရှင်က တင်ပြထားသည်။

အိမ်ဖြူတော်သို့ ဘိုင်ဒင် ရောက်ရှိလာမည်ဆိုလျှင် သူနှင့် အရှေ့တောင်အာရှခေါင်းဆောင်များအကြား ကာလရှည် မူဝါဒရေးရာအစီအစဉ် ရေးဆွဲနိုင်ရေးအတွက် ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပိုမိုတွေ့ထိဆက်ဆံလာနိုင်ပုံ၊ အရေးကြီးအကြောင်းရပ်(ပြဿနာများ)နှင့်ပတ်သက်၍ အမေရိကန်နှင့် အာဆီယံအကြား တွေ့ထိဆက်ဆံမှုများပြားလာနိုင်ပုံ၊ အိုဘားမားလက်ထက် သံတမန်ရေးနှင့် ကာကွယ်ရေး အခင်းအကျင်းများကို ဘိုင်ဒင်က အောက်ခြေသိမ်း ပြင်ဆင်ပြောင်းလဲလာနိုင်ပုံ၊ အိုဘားမားလက်ထက်နှင့် မတူကွဲပြားစွာ "အာရှမဏ္ဍိုင်ပြုမူဝါဒ" ကို တစ်ကျော့ပြန် အသက်သွင်းလာဖွယ်ရှိပုံ စသည့် အချက်အလက်များနှင့်ပတ်သက်၍ ဆောင်းပါးရှင်က အိုဘားမားလက်ထက် အစိုးရအထက်တန်း တာဝန်ရှိသူများအဖြစ် တာဝန်ယူခဲ့သူများနှင့် အထင်ကရ သတင်းစာဆရာကြီးများ၏ ရေးသားဟောပြောချက်များကို ကိုးကားလျက် ဆက်လက်တင်ပြထားသည်။

### မဟာဗျူဟာအရ အရေးပါ

'အမေရိကန်က ပထမ' မူဝါဒကို စွဲကိုင်ခဲ့သူ သမ္မတထရမ့်သည် အရှေ့တောင်အာရှခေါင်းဆောင်များနှင့် အခါအားလျော်စွာ ပွတ်တိုက်မှုများရှိခဲ့လင့်ကစား ပြောင်းလဲလာသော ဒေသဆိုင်ရာ အနေအထားအရ ကျွန်ုပ်တို့၏ အရှေ့တောင်အာရှဒေသအပေါ် လုံးလုံးလျားလျား ပစ်ပယ်နိုင်ခြင်း မရှိခဲ့ပါချေ။ လာမည့်ရွေးကောက်ပွဲတွင် သူပြန်လည်ရွေးချယ်မြှောက်ခံရသည်ဖြစ်စေ၊ ဂျိုးဘိုင်ဒင် အိမ်ဖြူတော်သို့ ရောက်လာသည်ဖြစ်စေ အမေရိကန်ပြည်ထောင်စုသည် အာရှတိုက်တွင် မဟာဗျူဟာအရ အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေသော ကျွန်ုပ်တို့၏ အရှေ့တောင်အာရှဒေသနှင့် ဆက်ဆံရေးခိုင်မာအားကောင်းနေစေရန် ဆက်လက်ကြိုးပမ်းနေလိမ့်မည်ဟု ကျွန်ုပ်ယူဆပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ရည်မှန်းချက်နှင့်အညီ ထာဝစဉ်လက်တွဲနေကြရသော ကမ္ဘာ့မိသားစုဝင်နိုင်ငံများအကြား ကာလ၊ ဒေသ၊ အခြေအနေအရ ရံဖန်ရံခါ ပွတ်တိုက်မှုများ ရှိတတ်သော်လည်း မေတ္တာနှောင်ကြိုး (သံယောဇဉ်ကြိုး) အခိုင်အမာရှိနေပုံကို ကျွန်ုပ်အလေးမူမိရင်း "ကြာစွယ်ကြာရိုး ဘယ်လိုပင် ချိုးချိုး အမျှင်ကတန်းတန်း" ဟု ကျူးရင့်မိပါသတည်း။

**Source: What Biden Win Would Mean For Southeast Asia. (Asia Times)**

# သမ္မတထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့ အနောက်အလယ်ပိုင်းပြည်နယ်များ၌ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့သည် ရွေးကောက်ပွဲကျင်းပရန် နှစ်ရက်သာလိုတော့သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်တက်လျက်ရှိပြီး ထောက်ခံမဲရရှိရန် ခက်ခဲသည့် အနောက်အလယ်ပိုင်း ပြည်နယ်များ၌ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့ကြသည်။

**ထောက်ခံမဲအသာစီးရ**

သမ္မတထရမ့်သည် အနောက်အလယ်ပိုင်းပြည်နယ်များဖြစ်သည့် ဝီကွန်ဆင်၊ မင်နီဆိုတာနှင့် မီချီဂန်တို့တွင် ယမန်နေ့က မဲဆွယ်စည်းရုံးခဲ့သည်။ အဆိုပါပြည်နယ်များ၏ ကနဦးမဲရလဒ်များတွင် ဂျိုးဘိုင်ဒင်က ထောက်ခံမဲအသာစီးရရှိထားကြောင်း သိရသည်။

မကြာမီအချိန်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း သမ္မတထရမ့်က မဲဆွယ်စည်းရုံးစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် မျှော်လင့်ကြောင်းနှင့် လာမည့်နှစ်အတွင်း နိုင်ငံ၏စီးပွားရေးအခြေအနေကို ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် သမ္မတတစ်ဦးအနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က ဆိုသည်။ အကယ်၍ ဂျိုးဘိုင်ဒင် အနိုင်ရရှိပါက ဂျိုးဘိုင်ဒင်သည် နိုင်ငံတစ်ဝန်း၌ ခရီးသွားလာမှုကန့်သတ်ချက်များချမှတ်ရန် ဆန္ဒပြင်းပြလျက်ရှိသည့်အတွက် နိုင်ငံ၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်နိုင်မည်မဟုတ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။



ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ရွေးကောက်ပွဲမတိုင်မီ သမ္မတထရမ့်၏ မဲဆွယ်စည်းရုံးရေးအစီအစဉ်တွင် လူထုတွေ့ဆုံပွဲ ၁၇ ပွဲခန့် ကျင်းပရန် ရည်ရွယ်ထားကြောင်း သိရသည်။

အလားတူ ဂျိုးဘိုင်ဒင်ကလည်း အနောက်အလယ်ပိုင်းပြည်နယ်များတွင် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် သမ္မတထရမ့်၏ လုပ်ငန်းစဉ်များသည် ထိရောက်မှုမရှိကြောင်း ဂျိုးဘိုင်ဒင်က ဝီကွန်ဆင်ပြည်နယ်တွင် ပြောကြားခဲ့သည်။

ဂျိုးဘိုင်ဒင်က သမ္မတဟောင်း ဘာရက်အိုဘားမားနှင့်အတူ မီချီဂန်ပြည်နယ်တွင် မဲဆွယ်စည်းရုံးမှုများကို အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ သမ္မတဟောင်းတစ်ဦးနှင့် မဲဆွယ်စည်းရုံးမှုလုပ်ဆောင်ခြင်းသည် အမေရိကန်သမိုင်းတွင် ပထမဦးဆုံးအကြိမ်ဖြစ်သည်။ လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၁၉၄၅၈ ဦးရှိပြီး သေဆုံးသူ ၂၃၅၁၉၃ ဦးရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# နယူးဇီလန်နိုင်ငံရှိ လေဘာပါတီနှင့် အစိမ်းရောင်ပါတီတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**ဝယ်လင်တန် အောက်တိုဘာ ၃၁**

ယနေ့ကျင်းပသော နယူးဇီလန်နိုင်ငံ၏ ပါလီမန်အစည်းအဝေးတွင် လေဘာပါတီနှင့် အစိမ်းရောင်ပါတီတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ပါတီနှစ်ခု၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာတွင် အစိမ်းရောင်ပါတီက ဝန်ကြီးများ၏ တာဝန်ယူမှုနယ်ပယ်ကို သတ်မှတ်မည်ဖြစ်ပြီး ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ ကလေးသူငယ်များအရေးနှင့် လူမှုအသိုက်အဝန်းတိုးတက်ရေးကဏ္ဍများတွင် ပါတီနှစ်ခုလုံး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။



လေဘာပါတီခေါင်းဆောင်
နယူးဇီလန်ဝန်ကြီးချုပ် ဂျင်စင်ဒါအာဒန်

အစိမ်းရောင်ပါတီအနေဖြင့် လေဘာပါတီ ဦးဆောင်သောအစိုးရ၏ ရပ်တည်ချက်များအား မဆန့်ကျင်ဘဲ လာမည့် ပါလီမန်သက်တမ်းတွင်လည်း အကူအညီပေးသွားရန် အဆိုပါကြေညာချက်တွင် သဘောတူခဲ့သည်။ ထို့အပြင် ပါတီနှစ်ခုလုံးအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် နိုင်ငံသားများ လူနေမှုဘဝမြှင့်တင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

လေဘာပါတီကိုယ်စားလှယ်အများစု ပါဝင်သောအစိုးရဖွဲ့စည်းပြီး နိုင်ငံ၏ ကိုဗစ်-၁၉ ဆိုင်ရာ အကျပ်အတည်းမှ ရုန်းထွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း သိရသည်။ ယခုသဘောတူညီချက်များသည် နိုင်ငံအတွင်းတည်ငြိမ်မှုများကို ဆောင်ကြဉ်းလာနိုင်ပြီး အဓိကကျသောမူဝါဒပိုင်းဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေကြောင်း လေဘာပါတီခေါင်းဆောင် နယူးဇီလန်ဝန်ကြီးချုပ် ဂျင်စင်ဒါအာဒန်က ပြောကြားသည်။

အစိမ်းရောင်ပါတီမှခေါင်းဆောင် မာရန်မာ ဒေးဗစ်ဆင်ကလည်း မိမိတို့ပါတီအနေဖြင့် ယခုညှိနှိုင်းမှုများမှတစ်ဆင့် နယူးဇီလန်နိုင်ငံနှင့် နိုင်ငံသားများအတွက် ကောင်းမွန်သောရလဒ်များရရှိမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဂိုနီတိုင်ဖုန်းမုန်တိုင်း ချဉ်းကပ်လာသည့်အတွက် ပြည်သူ နှစ်သိန်းကျော်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဖိလစ်ပိုင်အစိုးရ ညွှန်ကြား

**မနီလာ အောက်တိုဘာ ၃၁**

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖုန်းမုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံး တိုင်ဖုန်းမုန်တိုင်းသည် နိုင်ငံအတွင်းသို့ ဝင်ရောက်ချဉ်းကပ်လာသည့်အတွက် ပြည်သူ နှစ်သိန်းကျော်ကို နေအိမ်မှ ပြောင်းရွှေ့ကြရန် ဖိလစ်ပိုင်အာဏာပိုင်များက ယနေ့ ညွှန်ကြားလိုက်သည်။

**၁၂၇ မိုင်နှုန်း**

ဂိုနီအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် နိုဝင်ဘာ ၁ ရက် အစောပိုင်းတွင် လူဇွန်ကျွန်းအရှေ့တောင်ဘက်သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး ယင်းနေ့မွန်းလွဲပိုင်းတွင် တစ်နာရီလျှင် ၂၀၅ ကီလိုမီတာ(၁၂၇ မိုင်နှုန်း)ဖြင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်မည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ပြီးခဲ့သည့်သီတင်းပတ်က လူဇွန်ကျွန်း၌ မိုလာ့ဗ်တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး ၂၂ ဦးသေဆုံးကာ စိုက်ခင်းမြေဟက်တာပေါင်းများစွာ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ ဂိုနီတိုင်ဖုန်းမုန်တိုင်း ထပ်မံဝင်ရောက်ချဉ်းကပ်လာခြင်းဖြစ်သည်။

ဒေသဆိုင်ရာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု စတင်ဖြစ်ပွားခဲ့ပြီးနောက် ပိတ်ထားခဲ့သော စာသင်ကျောင်းများ၊ အစိုးရပိုင်ခိုလှုံရေးစခန်းများနှင့် အားကစားရုံများကို သဘာဝဘေးဆိုင်ရာ အရေးပေါ်ခိုလှုံရေးစခန်းများအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

တိုင်ဖုန်းမုန်တိုင်း၏ အရှိန်ကြောင့် နေရာအနှံ့အပြားတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားနိုင်သလို မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုများလည်းဖြစ်ပွားနိုင်ကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိမ်ဘာလ်က ပြောကြားသည်။

အာဏာပိုင်များသည် မြို့တော်မနီလာမှ အရှေ့တောင်ဘက်တွင် တည်ရှိသော ဘီကောလ်ဒေသတွင် ကယ်ဆယ်ရေးယာဉ်များ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် ကယ်ဆယ်ရေးပစ္စည်းများအား စနစ်တကျစုစည်းခြင်းနှင့်အတူ မုန်တိုင်းမဝင်ရောက်မီ ကြိုတင်ပြင်ဆင်မှုများကို သေသေချာချာ လုပ်ဆောင်ထားကြောင်း သိရသည်။

**အခက်အခဲရှိ**

"မုန်တိုင်းရဲ့အရှိန်ကြောင့် လူဦးရေ သန်း ၂၀ ခန့် နေထိုင်ရာ ဘီကောလ်ပြည်နယ်မှာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုတွေလည်း ဖြစ်ပွားနိုင်တယ်။ ဒါ့အပြင် ဒီလိုမျိုး ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဖြစ်ပွားနေချိန်မှာ ပြောင်းရွှေ့ရတာလည်း တော်တော်လေးကို အခက်အခဲရှိပါတယ်"ဟု ဒေသဆိုင်ရာ အရပ်ဘက်ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အလက်စစ်နာ့ဇ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယခင်က စာသင်ခန်းတစ်ခန်းထဲတွင် ၁၆ ဦးခန့် နေထိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်သည့်အနေဖြင့် စာသင်ခန်းတစ်ခန်းတွင် အများဆုံး ငါးဦးသာ နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ



# ရုရှားသမ္မတ ပူတင်က ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ ဂရိဝန်ကြီးချုပ်သို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

**မော်စကို အောက်တိုဘာ ၃၁**

ယမန်နေ့က အေဂျီယန်ပင်လယ်အတွင်း ငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်က ဂရိဝန်ကြီးချုပ် ကိုင်ယာကော့စ်မက်ဆိုတာကစ်သို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**၂၇ ဦးထက်မနည်း သေဆုံး**

ဂရိနိုင်ငံပိုင် ကျွန်းများစွာကို သက်ရောက်မှုရှိခဲ့သော အေဂျီယန်ပင်လယ်အတွင်း အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ ဝမ်းနည်းမိပါကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။ ယမန်နေ့က ဂရိနိုင်ငံပိုင် ကျွန်းစုအချို့နှင့် တူရကီနိုင်ငံ အေဂျီယန်ကမ်းရိုးတန်း၌ ပြင်းအား ရစ်ချ်တာစကေး ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ၂၇ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၈၀၀ ကျော် ဒဏ်ရာရရှိကာ သေဆုံး၊ ဒဏ်ရာရရှိသူ အများစုက တူရကီနိုင်ငံမှဖြစ်သည်။ အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏အဆိုအရ ယင်းငလျင်က မြေအောက်အနက် ၁၀ ကီလိုမီတာ(ခြောက်မိုင်)အထိ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် ရစ်ချ်တာစကေး ၅ အဆင့်ရှိ နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့ရာဒေသတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဂရိနိုင်ငံ ဆာမို့စ်ကျွန်း၌ နံရံတစ်ခုပြိုကျမှုကြောင့် ဆယ်ကျော်သက်လူငယ်နှစ်ဦး သေဆုံးခဲ့ပြီး ရေဘေးကြောင့် ရှစ်ဦးဒဏ်ရာရရှိကာ သမိုင်းဝင် အထိမ်းအမှတ်အဆောက်အအုံများ၊ ပြတိုက်များ ပျက်စီးခဲ့သည်။

ကိုးကား-စပွတ်ညစ်ခ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# ဩစတြေးလျနိုင်ငံက အိမ်နီးချင်းနိုင်ငံများအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရန် ဒေါ်လာ သန်း ၅၀၀ သုံးစွဲမည်

**ဆစ်ဒနီ အောက်တိုဘာ ၃၁**

ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးသင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဝယ်ယူရန် ဩစတြေးလျနိုင်ငံက ဒေါ်လာ သန်း ၅၀၀ သုံးစွဲမည်ဖြစ်သည်။

ပစိဖိတ်နိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများသို့ ကူညီပေးခြင်းက ဩစတြေးလျနိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရေးနှင့် ကျန်းမာရေးဆိုင်ရာလုံခြုံမှုကို အထောက်အကူပြုစေမည်ဟု ဩစတြေးလျအစိုးရက ပြောကြားသည်။ ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က ဩဂုတ်လအတွင်း အောက်စဖို့ဒ်တက္ကသိုလ်၌ ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နေသည့် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးအတည်ပြုပါက ဩစတြေးလျနိုင်ငံသို့ လွှဲပြောင်းပေးရမည့် သဘောတူညီချက်ကို ဩစတြေးလျအစိုးရက AstraZeneca ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသက ကမ္ဘာ့စီးပွားရေးသစ်အတွက် မောင်းနှင်အားဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မာရိုက်ပေးနီက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၈၄ သန်း ဝယ်ယူရန် ဩစတြေးလျအစိုးရက AstraZeneca၊ CSL University of Queensland တို့နှင့် သဘောတူညီခဲ့သည်။ ယခုနှစ်အကုန် သို့မဟုတ် လာမည့်နှစ်စတွင် အတည်ပြုမည်ဟု မျှော်မှန်းရသည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများကို ဩစတြေးလျပြည်သူ ၂၅ သန်းအား အခမဲ့ထိုးပေးမည်ဖြစ်သည်။

AstraZeneca ကုမ္ပဏီထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးကို ဗြိတိန်၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံတို့၌ အဆင့် ၃ စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား - ဒေးလီးမေးလ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**





# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၂၆၈ ဦး တွေ့ရှိပြီး ၅၅၁ ဦး ထပ်မံသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၂၆၈ ဦး တွေ့ရှိခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၃၇၁၁၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အတူ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၅၅၁ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၁၆၄၁ ဦးရှိလာခဲ့သည်။

သို့သော် အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၃၂၈၂၉ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ လတ်တလောအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၅၈၂၆၄၉ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်ခြင်းနှင့်အတူ အောက်တိုဘာ ၃၀ ရက် တစ်ရက်အတွင်း လူဦးရေ ၁၀၆၇၉၇၆ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၁၀၈၇၉၆၀၆၄ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့သည်။

မြို့တော်နယူးဒေလီသည် မကြာသေးမီရက်များက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအသစ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရာ လွန်ခဲ့သည့် လေးရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**


# ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားများ၏ ပထမဆုံး သရုပ်ဆောင် ရှောင်ကွန်နရီ အသက် ၉၀ အရွယ်တွင် ကွယ်လွန်

**လန်ဒန် အောက်တိုဘာ ၃၁**

ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားများ၏ ပထမဆုံးသော သရုပ်ဆောင်တစ်ဦးဖြစ်သည့် ရှောင်ကွန်နရီမှာ အသက် ၉၀ အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဂျိမ်းစ်ဘွန်း ရုပ်ရှင် ဇာတ်လမ်းတွဲထုတ်လုပ်သူများထံမှ သိရသည်။ ၁၉၆၂ ခုနှစ်မှစတင်ပြီး ပထမဆုံး ဂျိမ်းစ်ဘွန်းဇာတ်ကား ဖြစ်သည့် ဒေါက်တာနိုးဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ ဝင်ရောက်လာခဲ့သော ရှောင်ကွန်နရီသည် ဗြိတိန်သူလျှို ဇာတ်ကောင်စရိုက်ဖြင့် ဇာတ်ကားခုနစ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် သူရဲကောင်းဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။

၎င်းသည် ၁၉၇၄ ခုနှစ်တွင် ရိုက်ကူးသည့် အိုရီးယန့်ရထားပေါ်မှ လူသတ်မှုဇာတ်ကားနှင့် ၁၉၈၉ ခုနှစ်တွင် ရိုက်ကူးသည့် အင်ဒီယာနာဂျုံးစ်နှင့် နောက်ဆုံး ခရူးဆိတ် ဇာတ်ကားများတွင် ပြောင်မြောက်စွာ သရုပ်ဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ရိုက်ကူးသည့် "The Untouchables ဇာတ်ကားတွင် ချီကာဂိုမြို့တွင် တာဝန် ထမ်းဆောင်သော ရဲဝန်ထမ်း ဂျင်မာလွန်းဇာတ်ရုပ်ကို ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့သဖြင့် အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ **ကိုးကား - စီအင်န်အင်န်၊ ဘာသာပြန် - စိုးသူရ**





# လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၌ ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ လေးသိန်းကျော်ရှိ

**ဘရာဇီးလီးယား အောက်တိုဘာ ၃၁**

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးရသူဦးရေမှာ အောက်တိုဘာ ၃၀ ရက်တွင် ၄၀၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနမှ တွက်ချက်မှုများအရ သိရသည်။ ယင်းဒေသတွင်းရှိနိုင်ငံများမှ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ အေအက်ဖ်ပီက တွက်ချက်ဖော်ပြခြင်းဖြစ်သည်။

ယင်းဒေသတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုစတင်ဖြစ်ပွားချိန်မှ အောက်တိုဘာ ၃၀ ရက် ဂရင်းနစ်စံတော်ချိန် ၁၂၀၀ နာရီမတိုင်မီအချိန်ထိ လက်တင်အာဖရိကနှင့် ကာရစ်ဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူ ၄၀၀၅၂၄ ဦးရှိကြောင်း သတင်းထွက်ပေါ်လာခြင်း ဖြစ်သည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ဘရာဇီးနိုင်ငံသည် ယင်းဗိုင်းရစ်ကြောင့် သေဆုံးသူဦးရေ ၁၅၉၄၇၇ ဦးဖြင့် ပထမနေရာတွင် ရပ်တည်နေသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဇော်ဝင်း**

# မက္ကဆီကို၌ သတင်းစာဆရာတစ်ဦး ပစ်သတ်ခံရ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၃၁**

အမေရိကန်ပြည်ထောင်စုနှင့် နယ်စပ်အနီးရှိ မက္ကဆီကိုနိုင်ငံမှ ရာဇဝတ်မှုထူပြောသော ချီယူဒက်ဂျူဇာရက်စ်မြို့တွင် မက္ကဆီကိုလူမျိုး သတင်းစာဆရာတစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း ချီဟွာဟွာပြည်နယ်အုပ်ချုပ်ရေးမှူး ဂျာဗီးယားကော်ရယ်က အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



သေနတ်ဖြင့် ပစ်သတ်ခံရသူ သတင်းစာဆရာ အာတူရိုအယ်လ်ဘာမီဒီနာသည် မက္ကဆီကိုနိုင်ငံတွင် ယခုနှစ်အတွင်း သတ်ဖြတ်ခြင်းခံရသည့် ဆဋ္ဌမမြောက် သတင်းစာဆရာဖြစ်သည်။ မက္ကဆီကိုနိုင်ငံသည် သတင်းစာဆရာများအတွက် ကမ္ဘာ့အန္တရာယ်အရှိဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

ချီဟွာဟွာပြည်နယ်အုပ်ချုပ်ရေးမှူးက ယင်းဖြစ်ရပ်အား သူရဲဘောကြောင်သည့် လူသတ်မှုဟု ရှုတ်ချပြောကြားခဲ့ပြီး လူသတ်သမားအား အရေးယူအပြစ်ပေးရန် အစိုးရရှေ့နေများအား ပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်အတွက် တရားမျှတမှုရှိစေရမည်ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင်လည်း ရေးသားဖော်ပြခဲ့သည်။

သေဆုံးသူ သတင်းစာဆရာမှာ အသက်(၄၉)နှစ်ရှိပြီး ရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူဖြစ်သည်။ အောက်တိုဘာ ၂၉ ရက် ညပိုင်း၌ ၎င်း၏ အစီအစဉ် ပြီးဆုံးပြီးနောက် မိနစ်အနည်းငယ်အကြာတွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရခြင်းဖြစ်သည်ဟု မီဒီယာစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (အာရ်အက်စ်အက်ဖ်)က ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှစ၍ သတင်းထောက် ၁၀၀ ကျော် အသတ်ခံခဲ့ရသည်။ မက္ကဆီနိုင်ငံတွင်း၌ နိုင်ငံရေးအကျင့်ပျက်ခြစားမှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများနှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းမှုသည် အသက်ဆုံးရှုံးနိုင်စေသည့် အကြောင်းရင်းဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဇော်ဝင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၄၆၀၅၄၂၈၉ ဦး

သေဆုံးသူ
၁၁၉၅၉၄၅ ဦး

ပြန်လည်ကျန်းမာလာသူ
၃၃၃၁၄၈၆၄ ဦး

# ဗန်းမော်မြို့၌ ဇနီးဖြစ်သူကိုသတ်သည့်ခင်ပွန်းအား ဖြစ်စဉ်အမှန်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဇနီးဖြစ်သူကို သတ်သည့် ခင်ပွန်းအား ရဲတပ်ဖွဲ့က ဖြစ်စဉ်အမှန်ဖော်ထုတ်ဖမ်းဆီး ခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်၌ မြန်မာအမျိုးသား လေကြောင်း လက်မှတ်အရောင်းဌာန မန်နေဂျာ ဦး-----အား လက်၊ ပါးစပ်တွင် တိပ်ဖြင့် ချည်နှောင်ပတ် လျက် နောက်စေ့ဖူးရောင်ဒဏ်ရာ(မစိုးရိမ်ရ)ဖြင့် လည်း ကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်-----အား လက်တွင် တိပ်ဖြင့် ချည်နှောင်ပတ်လျက် နောက်စေ့၊ မေးစေ့ ပေါက်ပြဲ ဒဏ်ရာများ(စိုးရိမ်ရ)ဖြင့်လည်းကောင်း နေအိမ်အောက် ထပ်၌ လဲကျနေသည်ကို ယမန်နေ့ နံနက်ပိုင်းက နေအိမ် အပေါ်ထပ်မှ ဆင်းလာသည့် သမီးဖြစ်သူက တွေ့မြင်ခဲ့ ကြောင်း သတင်းပေးပို့တိုင်ကြားသဖြင့် ပူးပေါင်းအဖွဲ့က အခင်းဖြစ်နေအိမ်သို့ သွားရောက်စစ်ဆေးပြီး ဒဏ်ရာရရှိသူ နှစ်ဦးအား ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသ နေစဉ် ဒေါ်----သည် ရရှိသောဒဏ်ရာများဖြင့် သေဆုံး သွားခဲ့ကြောင်း၊ ဦး-----၏ ပြောပြချက်အရ နေအိမ်သို့ အမျိုးသားသုံးဦး ရောက်ရှိလာပြီး လေယာဉ်လက်မှတ် ရှိလားဟု မေး၍ တုတ်ဖြင့်ရိုက်ကာ ငွေကျပ်သိန်း ၂၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို ယူဆောင်ပြီး ၎င်းတို့ နှစ်ဦးအား ချုပ်နှောင်ထားရှိခဲ့ကြောင်း သိရှိရသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ကြောင်း။

အခင်းဖြစ်နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ CCTV မှတ်တမ်းများကို ပြန်လည်စိစစ်ကြည့်ရာ အခင်းဖြစ်နေအိမ် သို့ အမျိုးသား သုံးဦး ဝင်/ထွက်သည်ကို မတွေ့ရကြောင်း၊ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းမှ သန့်ရှင်းရေးလုပ်သား အယ်ကြိုင်သည် ဆိုင်ကယ်ဖြင့် အခင်းဖြစ်နေအိမ်သို့ ရောက်ရှိလာကာ ငါးမိနစ်ခန့် အကြာတွင် နေအိမ်မှ ပြန်လည်ထွက်ခွာသွားသည်ကို တွေ့ရှိရသောကြောင့် အယ်ကြိုင်အား စစ်ဆေးရာ



ပြစ်မှုကျူးလွန်သူ

ဦး-----က ၎င်း၏နေအိမ်သို့ လာရောက်ရန် ဖုန်းဆက်ခေါ်၍ သွားရောက်ခဲ့ကြောင်း၊ တိပ်၊ တိပ်ဖြတ်သည့် ခေါက်ဓား အသေး၊ လက်အိတ်များအား လွှင့်ပစ်ခိုင်းသဖြင့် ယူဆောင် ခဲ့ကြောင်း၊ ၎င်းနောက် ဂေါ်ရာကန်အနီးရှိ အမှိုက်ပုံဘေး တွင် ရပ်ထားသော စည်ပင်သာယာအမှိုက်သိမ်းယာဉ်ပေါ် သို့ သွားရောက်လွှင့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရ၍ သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း။

ယနေ့ နံနက်ပိုင်းတွင် ဦး-----သည် ဆေးရုံမှဆင်းခွင့် ရရှိသဖြင့် သက်သေအထောက်အထားများနှင့်တကွ စစ်မေးရာ ၎င်းတို့ပိုင်ဆိုင်သော တာမွေမြို့နယ် ကျောက် မြောင်းရှိ နေအိမ်တိုက်ခန်းနှင့်ပတ်သက်ပြီး လင်မယားချင်း စကားများရန်ဖြစ်ရာမှ တုတ်ဖြင့်ရိုက်နှက်ရာ လက်လွန်သွား ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ ထိရောက် စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်




# သံဖြူဇရပ်၊ နောင်ချိုနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် သံဖြူဇရပ်မြို့နယ် ဝဲဝင်ကရာကျေးရွာအုပ်စု သင်္ကြော ကျေးရွာအနီး သံဖြူဇရပ်-ဘုရားသုံးဆူသွားကားလမ်းတွင် ဖားသွတ် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၀ နှင့် မြန်မာငွေကျပ်သိန်း ၃၀၊ ဘိန်းစာရွက်(အစို) ၅ ဒသမ ၅ ကီလိုတို့ကိုလည်းကောင်း။

အလားတူယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်း၌ စိုင်းဘထွန်း(ခ)စိုင်းဘ မောင်းနှင်ပြီး စိုင်းလိန် လိုက်ပါ လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့်မြန်မာငွေကျပ်၅၀၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် (၁၀၅)မိုင်စစ်ဆေးရေး ဂိတ်တွင် သက်နိုင်မိုး(ခ) ဖိုးခွား မောင်းနှင်ပြီး မျိုးထွန်းဦး



သက်နိုင်မိုး(ခ)ဖိုးခွားနှင့် မျိုးထွန်းဦးတို့အား သိမ်းဆည်းရမိသည့် ဆိုဒီယံဆိုင်ယာနိုက်များ၊ ပိုတက်စီယမ်ဖော့စဖိတ် များနှင့်အတူ တွေ့ရစဉ်။

လိုက်ပါလာသော ၁၄ ဘီးယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၀၀၆ ဒသမ ၄ သိန်းတန်ဖိုးရှိ ဆိုဒီယံ ဆိုင်ယာနိုက် ကီလို ၁၀၂၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် မြေနီကွင်းကားဝင်းအတွင်းရှိ ဂိုဒေါင် အမှတ်(၁၁)သို့ ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်အတွင်း၌ ဆိုဒီယံဆိုင်ယာနိုက် ကီလို ၆၃၅၀၊ ပိုတက်စီယမ်ဖော့စဖိတ် ကီလို ၁၆၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

ရဲပြန်ကြား

# လယ်ဝေးမြို့၌ မီးလောင်မှုဖြစ်ပွား

**လယ်ဝေး အောက်တိုဘာ ၃၁**

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက် မြို့သစ်(၄)လမ်းတွင် ယနေ့နံနက် ၁၀ နာရီခွဲက မီးလောင်မှု ဖြစ်ပွားရာ နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ အမှတ်(၆) ရပ်ကွက်နေ ဦးကျော်ဝင်း၏ နေအိမ် မီးပလပ်ခုံမှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ရာ ၎င်း၏ နှစ်ထပ်အိမ်တစ်လုံးနှင့် အနီးရှိ တစ်ထပ်အိမ်တစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ နေပြည်တော်မီးသတ်စခန်းမှ မီးသတ်ယာဉ်များနှင့် လယ်ဝေးမီးသတ်စခန်းမှ မီးသတ် ယာဉ်များ စုစုပေါင်း ၁၅ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးသတ် တပ်ဖွဲ့ဝင် ၇၅ ဦးနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့ကြရာ နံနက် ၁၁ နာရီခန့်တွင် မီးငြိမ်းသွား ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မီးဘေးရှောင် မလောင်ခင်တား**






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၇

ရက်သာ

လိုတော့သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)ကို ဖျက်သိမ်းပြီး ဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ဖြူးခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်ကြီးမဏ္ဍိုင်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ ကြိုတင်ဆန္ဒမဲလက်မှတ် စတင်ထုတ်ပေး



ပြည်ကြီးမဏ္ဍိုင် အောက်တိုဘာ ၃၁

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများနှင့် မဲရုံအဖွဲ့ဝင်များက ကြိုတင်မဲလက်မှတ်များကို ယနေ့နံနက် ၁၀ နာရီက စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးသို့ လာရောက်ကြသည့် ကြိုတင်မဲဆန္ဒရှင်များအား ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ နှာခေါင်းစည်း စနစ်တကျဝတ်ခြင်း၊ သတ်မှတ်ထားသည့် (၆)ပေအကွာ၌ တစ်ဦးချင်းနေစေခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်းနှင့် ကြိုတင်မဲဆန္ဒရှင်၏လက်တွင် မင်တို့ထားသော အမှတ်အသား မရှိကြောင်း မဲရုံလုံခြုံရေးအား ပြစေခြင်းတို့ဆောင်ရွက်ပြီးမှ ကြိုတင်မဲလက်မှတ်ထုတ်ပေးပြီး ဆန္ဒပြုခန်း၌ ဘောပင်၊ တံဆိပ်တုံး အသုံးပြု၍ဆန္ဒပြုမဲထည့်စေခဲ့ကြောင်း ပြည်ကြီးမဏ္ဍိုင်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောသည်။

အဆိုပါ ပြည်ကြီးမဏ္ဍိုင်မြို့တွင် မဲရုံ ၂၄ ရုံ၊ မဲရုံဝန်ထမ်း ၉၂ ဦးခန့်ထားပြီး မဲရုံဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရန် ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်ကြီးမဏ္ဍိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သင်တန်းပို့ချဆွေးနွေးခြင်းနှင့် ကြိုတင်မဲပေးရာတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်းများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မျိုးလွင်(ပြန်/ဆက်)

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .

✻ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၁၇၀) ဦး | (၆၈၈,၁၅၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၁၈) ဦး | (၅၂,၇၀၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၄၄) ဦး | (၃၂,၇၇၄) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၁,၂၃၇) ဦး |

- ယနေ့ သေဆုံးသူ (၁၈) ဦးအနက် ရောဂါအခံရှိသူ (၁၃) ဦး ပါဝင်ပါသည်။

- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၄၄)ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၂၉၁) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၁,၁၅၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၅၄၄)ဦးတွင်-
  - Hotel Quarantine - (၂၂၆) ဦး
  - Facility Quarantine - (၁၂) ဦး
  - Community Based Facility Quarantine - (၁,၂၃၂) ဦး
  - Anosmia Center - (၇၄) ဦး ပါဝင်ပြီး

ငင်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၂၁၃၆၃ | ၆၀၂၅၉၁၄ | ၂၃၅၂၁၃ |
| ၂။ | အိန္ဒိယ | ၈၁၄၃၂၀၁ | ၇၄၃၈၃၁၇ | ၁၂၁၇၂၆ |
| ၃။ | ဘရာဇီး | ၅၅၁၉၅၂၈ | ၄၉၆၆၂၆၄ | ၁၅၉၅၆၂ |
| ၄။ | ရုရှား | ၁၆၁၈၁၁၆ | ၁၂၁၅၄၁၄ | ၂၇၉၉၀ |
| ၅။ | ပြင်သစ် | ၁၃၃၁၉၈၄ | ၁၁၆၅၃၃ | ၃၆၅၆၅ |
| ၆။ | စပိန် | ၁၂၆၄၅၁၇ | စိစစ်ဆဲ | ၃၅၈၇၈ |
| ၇။ | အာဂျင်တီးနား | ၁၁၅၇၁၇၉ | ၉၆၁၁၀၁ | ၃၀၇၉၂ |
| ၈။ | ကိုလံဘီယာ | ၁၀၆၃၁၅၁ | ၉၅၉၄၃၃ | ၃၁၁၃၅ |
| ၉။ | ဗြိတိန် | ၉၈၉၇၄၅ | စိစစ်ဆဲ | ၄၆၂၂၉ |
| ၁၀။ | မက္ကဆီကို | ၉၁၈၈၁၁ | ၆၇၃၄၅၇ | ၉၁၂၈၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၀၀၈၈ | ၃၃၇၈၀၁ | ၁၃၈၆၉ |
| ၂။ | ဖိလစ်ပိုင် | ၃၈၀၇၂၉ | ၃၃၁၀၄၆ | ၇၂၂၁ |
| ၃။ | စင်ကာပူ | ၅၈၀၁၅ | ၅၇၉၀၉ | ၂၈ |
| ၄။ | မြန်မာ | ၅၂၇၀၆ | ၃၂၇၇၄ | ၁၂၃၇ |
| ၅။ | မလေးရှား | ၃၁၅၄၈ | ၂၁၂၄၈ | ၂၄၉ |
| ၆။ | ထိုင်း | ၃၇၈၀ | ၃၅၉၀ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၈၀ | ၁၀၆၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၉၁ | ၂၈၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၂ | ၀ |

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၂ ဦး၊ တောင်အာဖရိကမှ ၁၂ ဦး၊ စပိန်မှ တစ်ဦး၊ ကာတာမှ တစ်ဦး စုစုပေါင်း မြန်မာသင်္ဘောသား ၁၀၆ ဦးတို့ လိုက်ပါခဲ့ကြသည်။



မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ထို့ပြင် အိုမန်၊ ဘာရိန်းနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ရီယာဒ်မြို့ မြန်မာသံရုံးက စီစဉ်သည့် (၁၂) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် မြန်မာသင်္ဘောသား ၁၅၁ ဦး အပါအဝင် စုစုပေါင်း မြန်မာနိုင်ငံသား ၁၇၁ ဦး လိုက်ပါခဲ့ကြသည်။

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးရှိ အဝေးပြေးယာဉ်အသင်းများသို့ ဆန်အိတ်များ ထောက်ပံ့မည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီက ကိုဗစ် - ၁၉ ကာလအတွင်း ယာဉ်လိုင်းများပြေးဆွဲမှုရပ်နားထားခြင်းကြောင့် ယာဉ်အသင်းများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ရန် စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်း၏ ပြောကြားချက်အရ သိရသည် ။

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း ယာဉ်အသင်းဝင်များ စားဝတ်နေရေးအခက်အခဲများ ရှိလာမှုကြောင့် ဆန်များကို အဓိကထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခင်ရက်ပိုင်းအတွင်း ကုန်စည်များနှင့်အတူ ယာဉ်များထွက်ခွင့်ရသော်လည်း ယခုထွက်ခွင့်မရသည့် အခြေအနေတွင် အခက်အခဲများရှိလာကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီက ယာဉ်အသင်းများ၏ စုဆောင်းငွေမှ ကျပ်သိန်း ၅၀၀ ကျော်ကို ယာဉ်အသင်းများထံ နှစ်စဉ်ပေးအပ်သည့် အပိုဆုငွေချီးမြှင့်သည့် အစီအစဉ်ဖြင့် ကိုဗစ် - ၁၉ ရောဂါ ပထမလှိုင်းဖြစ်ချိန်တွင် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ယခုဒုတိယလှိုင်းဖြစ်သည့်ကာလတွင် ယာဉ်အသင်းများ၏ စုဆောင်းငွေများမှ ကျပ်သိန်း ၅၀၀ ကျော်ကို ဆန်အိတ် ၁၉၀၀ ကျော် ဝယ်ယူပြီး ခွဲဝေထောက်ပံ့ပေးမည်ဖြစ်သည် ။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ အုပ်ချုပ်မှုအောက်တွင် ယာဉ်အသင်းပေါင်း ၅၈၈ သင်းရှိသည်။ စည်းကြပ်ခပေးသွင်းပြီး ပြေးဆွဲနေသည့် ယာဉ်အသင်းပေါင်း ၃၀၆ သင်းရှိပြီး စည်းကြပ်ခနှုန်းထား သတ်မှတ်ပြည့်မီအောင် ပေးသွင်းထားခြင်းမရှိသည့် ယာဉ်အသင်းပေါင်း ၂၀၈ သင်းရှိသည်။ ယာဉ်လိုင်းပြေးဆွဲခြင်းမရှိသည့်အသင်း ၇၄ သင်းရှိသည်။

ယာဉ်အသင်းများသို့ ဆန်ထောက်ပံ့ပေးရာတွင် ယာဉ်အသင်းများ၏ စည်းကြပ်ခပေးသွင်းသည့် အခြေအနေပေါ်မူတည်၍ ယာဉ်အသင်းတာဝန်ရှိသူများမှတစ်ဆင့် ဆန်အိတ်များခွဲဝေထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုသို့ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာပြီး လူစုလူဝေးမဖြစ်စေရန် စီစဉ်ထုတ်ပေးမည်ဖြစ်ပြီး ယာဉ်အသင်းများကလည်း ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် နှိုးဆော်ထားသည်။

**အောင်သူရ**

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲပေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင်လည်းကောင်း အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ယမန်နေ့မှအဆက်)

## ခိုင်လုံမဲ နမူနာပုံစံများ





မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## ပယ်မဲ နမူနာပုံစံများ









မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၈ သို့ ☆

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ

☆ စာမျက်နှာ ၁၇ မှ


## ပယ်မဲ နမူနာပုံစံများ



ပုံစံ (၅)
- မဲရုံမှူးလက်မှတ်မပါသော မဲ




ပုံစံ (၆)
- လုံးဝဆန္ဒပြုမထားသော မဲ




ပုံစံ (၇)
- အစွန်းအထင်းပါသော မဲ


မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။



ပုံစံ (၈)
- အမှတ်အသား ပြုထားသော မဲ




ပုံစံ (၉)
- ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော မဲ





ပုံစံ (၁၀)
- ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဆန္ဒပြုထားသော မဲ


မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲ အဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။


စာမျက်နှာ ၁၉ သို့ ☆


ကာတွန်း မိုးထက်မိုး
ကျားဝါ မေ့မေ့
စွန့်စားခန်းများ






ဘကြီးသိန်းကို ရှိသေလေးမြတ်စွာ ကန်တော့ပါတယ်
သာဓုကွယ် သာဓု အနာရောဂါကင်းစင် ပြီး ကျန်းမာချမ်းသာ ပါစေကွယ်
ပေးတဲ့ဆုနဲ့ ပြည့် ပါစေခင်ဗျာ
CAKE





ရွှေအံ့ရစ်


# ၂၀၂၀ ပြည့်နှစ် မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်ပါ လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ/အေဂျင်စီများ၊ အာဆီယံနှင့် ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ ၁-၅-၂၀၂၀ ရက်နေ့မှ ၃၁-၈-၂၀၂၀ ရက်နေ့အထိ လေးလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကျဉ်းချုပ်၍ ပြည်သူများသို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**(ယမန်နေ့မှအဆက်)**

## ကျေးလက်ရေရရှိရေး


ဘူးသီးတောင်မြို့နယ်၊ ကန္တမာကျေးရွာ အိမ်တိုင်ရာရောက်ရေပေးရေးလုပ်ငန်း


ရမ်းဗြဲမြို့နယ်၊ တောလယ်ကျေးရွာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း

### ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ

| လုပ်ငန်း | (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) ထိ | (၁-၉-၂၀၁၉) မှ (၃၁-၁၂-၂၀၁၉) ထိ | (၁-၁-၂၀၂၀) မှ (၃၀-၄-၂၀၂၀) ထိ | (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀) ထိ | စုစုပေါင်း |
|---|---|---|---|---|---|---|
| လက်တူးတွင်း | ၁၈၁ | ၃၀ | ၈ | ၁၃ | ၂၂ | ၂၅၄ |
| ရေကန် | ၁၅၉ | ၇၀ | ၆ | ၂၇ | ၄၄ | ၃၀၆ |
| စိမ့်စမ်း | ၁၈ | ၁၄ | ၅ | ၁၃ | ၂ | ၅၂ |
| ရေကန်အနက်ချဲ့ခြင်း | ၄၄ | - | - | - | - | ၄၄ |
| တွင်းတိမ် | ၅ | ၅ | - | - | - | ၁၀ |
| တွင်းနက် | - | ၁ | - | - | - | ၁ |
| အခြားရေရရှိရေး | ၅၁ | ၃၇ | ၁ | ၂၇ | ၄၂ | ၁၅၈ |




ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ







## လူထုဗဟိုပြုစီမံကိန်း





ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ






ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်အတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စတင်၍ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲနှင့်တောင်ကုတ်မြို့နယ်များရှိကျေးရွာ(၁၁၁)ရွာ၌ တစ်ရွာလျှင် ငွေကျပ်သိန်း(၁၀၀)ဖြင့်ဆောင်ရွက်ခဲ့ပါသည်။






ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

(ဆက်လက်ဖော်ပြပါမည်)



## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်သည် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကြည်ရှိန်နှင့် အဖွဲ့ခွဲဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းနှင့် အဖွဲ့ခွဲဝင်များအား အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းကတွေ့ဆုံပြီး ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေး၊ အသက် ၆၀ နှစ်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆန္ဒမဲပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရေး အလေးထားဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကြည်ရှိန်က ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာပြီးနောက် မြို့နယ်အလိုက် တိုးတက်လာသည့်မဲဆန္ဒရှင်စာရင်းများ၊ အသက် ၆၀ နှစ်အထက် ကြိုတင်ဆန္ဒမဲစာရင်းများနှင့် အောက်တိုဘာ ၂၉ ရက်တွင် လာရောက်၍ ကြိုတင်ဆန္ဒမဲပေးသည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်သည် ကျောက်ဆည်မြို့နယ် ကြက်မင်းတွန်ရပ်ကွက်ရှိ အသက် ၆၀ နှစ်အထက် ကြိုတင်ဆန္ဒမဲပေးနေသည့်အခြေအနေများနှင့် စဥ့်ကိုင်မြို့နယ် တရုတ်စုရပ်ကွက်နှင့် ရန်အောင်မြင်ရပ်ကွက်များရှိ ကြိုတင်ဆန္ဒမဲပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ



**စစ်ကိုင်း အောက်တိုဘာ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်သည် စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်က သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြပေးစေလိုကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လမ်းညွှန်မှာကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း လုပ်ကိုင်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးအောင်မျိုးလွင်၊ စစ်ကိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်၊ ပိုးတန်းရပ်ကွက်နှင့် အုန်းတောတိုက်နယ်ရှိမဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးနေမှုတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်း**

**(ပြန်/ဆက်)**



## မနေပြည်တော်ပြည်ထောင်စု ... 

## မနေပြည်တော်

## ဓနုဖြူမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးမှု ကွင်းဆင်းကြည့်ရှု

**ဓနုဖြူ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးမှုအခြေအနေကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှအဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ကြိုတင်ဆန္ဒမဲများလာရောက်ပေးသော ပြည်သူများနှင့် ဝန်ထမ်းများ စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဓနုဖြူမြို့နယ်တွင် ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆန္ဒမဲများလာရောက်ပေးနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ကြိုတင်ဆန္ဒမဲပေးနေမှု ကွင်းဆင်းကြည့်ရှု

**ကျောက်ဖြူ အောက်တိုဘာ ၃၁**

ကျောက်ဖြူမြို့ပေါ်ရပ်ကွက်များတွင် ရွေးကောက်ပွဲအတွက် အသက် ၆၀ နှစ်အထက် ဆန္ဒမဲလာရောက်မပေးနိုင်သူများကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့် ပါတီကိုယ်စားလှယ်များက အိမ်တိုင်ရာရောက် သွားရောက်ဆောင်ရွက်နေမှုအား အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် ကျောက်ဖြူမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး မဲပုံးများလုံခြုံရေးကြိုးတပ်ခြင်း၊ ချိပ်တံဆိပ်များ ရိုက်နှိပ်ခြင်းရှိ၊ မရှိ၊ မဲလက်မှတ်များတွင် တံဆိပ်တုံးလက်မှတ်ပါရှိရေးနှင့် ဆန္ဒမဲပေးသူများ စိတ်ချမ်းမြေ့စွာမဲပေးနိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ ဆန္ဒမဲစာအိတ်များ စနစ်တကျပိတ်ရန်တို့ကို မှာကြားခဲ့သည်။

ကျောက်ဖြူမြို့နယ်တွင် အသက် ၆၀ နှစ်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၄၁၁ ဦးရှိကာ မဲရုံပေါင်း ၃၉ ရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၃၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချင်းပြည်နယ်ရှိ မြို့နယ်ကိုးမြို့နယ်မှ ကျေးရွာကြီး ၁၁ ရွာကို မြို့အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဟားခါး အောက်တိုဘာ ၃၁**

ချင်းပြည်နယ်တွင် လူနေအိမ်ခြေတစ်နှစ်ထက်တစ်နှစ်တိုးပွားလျက်ရှိပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျေးရွာကြီးများကို မြို့အဆင့်သတ်မှတ်ပေးခဲ့ရာ ယနေ့အထိ မြို့နယ်ကိုးမြို့နယ်အတွင်းရှိ ကျေးရွာကြီး ၁၁ ရွာကို မြို့အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ချင်းပြည်နယ်(မြောက်ပိုင်း)ဒေသ တွန်းဇံမြို့နယ်တွင် ကျီခါးမြို့၊ တီးတိန်မြို့နယ်တွင် ခိုင်ကမ်းမြို့၊ ဖလမ်းမြို့နယ်တွင် ရိခေါဒါရ်နှင့် ဝေဘူလမြို့၊ ဟားခါးမြို့နယ်တွင် ဆူရ်ခွါးမြို့၊ ထန်တလန်မြို့နယ်တွင် နှာဟရိန်မြို့တို့ဖြစ်ပြီး ချင်းပြည်နယ်(တောင်ပိုင်း)ဒေသ မတူပီမြို့နယ်တွင် ရေဇွာနှင့် လိုင်လင်းပီမြို့၊ ကန်ပက်လက်မြို့နယ်တွင် ကျင်ဒွေးမြို့၊ မင်းတပ်မြို့နယ်တွင် မကွီးအိမ်နူးမြို့၊ ပလက်ဝမြို့နယ်တွင် ဆမီးမြို့တို့ကို မြို့အဆင့် တိုးမြှင့်သတ်မှတ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ်ကို လက်ရှိတွင် ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်၊ ဟားခါးခရိုင်ဟူ၍ ခရိုင်သုံးခုဖြင့်ဖွဲ့စည်းထားပြီး မတူပီမြို့ကို ခရိုင်အဖြစ်ဖွဲ့စည်းနေဆဲဖြစ်ရာ မြို့အဆင့်များတိုးမြှင့်ရာတွင် ရိခေါဒါရ်မြို့၊ ကျီခါးမြို့၊ ရေဇွာမြို့၊ ဆမီးမြို့တို့ကို ၂၀၀၂ ခုနှစ်၌လည်းကောင်း၊ ခိုင်ကမ်းမြို့နှင့် လိုင်လင်းပီမြို့တို့ကို ၂၀၁၅-၂၀၁၆ ခုနှစ်၌လည်းကောင်း၊ ဝေဘူလမြို့၊ ဆူရ်ခွါးမြို့၊ နှာဟရိန်မြို့၊ ကျင်ဒွေးမြို့နှင့် မကွီးအိမ်နူးမြို့တို့ကို ၂၀၁၉ ခုနှစ်၌လည်းကောင်း မြို့အဖြစ် အသီးသီးဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

## ကောလင်းခရိုင်၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ကေများ စံကွက်ရိတ်သိမ်း

**ကောလင်း အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်အတွင်းရှိ ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် စိုက်ပျိုးထားသော ဂျိုးတောင်အုပ်စု ကွင်းအမှတ် ၁၂၄၁ ဦးပိုင် ၆၂ တွင် စိုက်ပျိုးထားသော တောင်သူ ဦးမောင်မောင်ဝင်း၏ မော်ဘီ-၂ မိုးစပါး မျိုးထုတ်ကွက် ၁၀ ဧကတွင် (၆.၆'x ၆.၆') စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေနှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းထွန်းလတ်နှင့် မျိုးစေ့ထုတ်တောင်သူများက တောင်သူ ဦးမောင်မောင်ဝင်း၏ မော်ဘီ-၂ မိုးစပါးမျိုးထုတ်ကွက် ၁၀ ဧက စိုက်ခင်းအား (၆.၆'x ၆.၆')စံကွက်များရိတ်သိမ်းခဲ့ကြရာ ကောင်း၊ သင့်၊ ညံ့ (၃) ကွက်၏ ပျမ်းမျှအထွက်နှုန်းမှာ အစိုထွက် ၁၀၉ ဒသမ ၅၉ တင်း ထွက်ရှိခဲ့ပြီး SRI စိုက်ခင်း၏ ပျှမ်းမျှ အထွက်နှုန်းမှာ ၁၂၈ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ကြောင်း ဝန်းသိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှု CERPအစီအစဉ်ဖြင့် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်ကွက် ဝန်းသိုမြို့နယ်တွင် ဧက၂၅၀၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၃၅၀၊ ကောလင်းမြို့နယ်တွင် ဧက ၄၅၀ စုစုပေါင်း ဧက ၁၀၅၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



## ညောင်ဦးမြို့နယ်၌ မြေနုကျွန်းပေါ်ချိန် ဇော်မွှားကြက်သွန် စတင်စိုက်ပျိုး



**ညောင်ဦး အောက်တိုဘာ ၃၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရေဝတီ မြစ်ရေကျပြီး မြေနုကျွန်းပေါ်ချိန် မြေနုကျွန်း ဇော်မွှားကြက်သွန်(ခေါ်) ဥပြန်စိုက်ကြက်သွန်များ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကြအိုကျေးရွာ မြေနုကျွန်းကြက်သွန်စိုက်တောင်သူ ဦးမင်းဆွေက ပြောကြားသည်။

ညောင်ဦးမြို့နယ် မြေနုကျွန်းစိုက်ပျိုးသည့် ဇော်မွှားကြက်သွန်စိုက်ပျိုးသူ တောင်သူများသည် ကြက်သွန်များကို သီတင်းကျွတ်လတွင် စတင်စိုက်ပျိုးကြပြီး ပြာသိုလတွင်ပေါ်ကြောင်း၊ ကြက်သွန်စိုက်ပျိုးချိန် ဇော်မွှားကြက်သွန်တစ်ပိဿာ ကျပ် ၁၆၀၀ ပေးရပြီး အမျိုးသားတစ်ဦးလုပ်အားခ တစ်မနက် ကျပ် ၂၅၀၀၊ ကြက်သွန်စိုက်သမတစ်ဦး တစ်မနက် ကျပ် ၁၅၀၀၊ ထွန်စက်ထွန်ယက်ခ တစ်နာရီ ကျပ် ၁၈၀၀၀ ပေးရကြောင်း၊ ဇော်မွှားကြက်သွန်(ခေါ်) ဥပြန်စိုက်ကြက်သွန်များသည် မျိုးစေ့အား ဘောင်ဖြင့်ပျိုးထောင်ကာ အခြားအခင်းသို့ရွှေ့မစိုက်ဘဲ သုံးလခန့်ပျိုးဘောင်တွင်ထားကြောင်း၊ ပျိုးသက်တမ်း ကုန်ချိန် ရရှိလာသည့်ဥသေးများကို ဇော်မွှားပျိုးခေါ် ဥပြန်စိုက်ကြက်သွန်ခေါ်ဆိုကြကြောင်း ကြအိုကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးစိုးဝင်းက ရှင်းပြသည်။

ကြက်သွန်ပေါ်ချိန်တွင် အနည်းဆုံးဈေး တစ်ပိဿာ ကျပ် ၅၀၀ ရောင်းချရပြီး ဈေးကောင်းသည့်နှစ်တွင် ကျပ် ၃၀၀၀ ထိရောင်းချရကြောင်း၊ ဇော်မွှားကြက်သွန်သည် ဆောင်းကြက်သွန်ကဲ့သို့ တစ်နှစ်ပတ်လုံး အထားမခံဘဲ စိုက်ပျိုးစရိတ်နည်းနည်းနှင့် အမြတ်အစွန်းများပြီး ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန် ကုန်ချိန် ပေါ်သည့်အတွက် ဈေးနှုန်းလည်းရရှိကြောင်း သိရသည်။

**ကိုထိန် (ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ အခါလွန်မိုးကြောင့် စပါးရိတ်သိမ်းဆဲတောင်သူများ အခက်ကြုံ

**ရေတာရှည် အောက်တိုဘာ ၃၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ရံဖန်ရံခါရွာသွန်းလျက်ရှိသောမိုးကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ မိုးမရွာ၊ လေတိုက်ခြင်းမရှိလျှင် စပါးခင်းများကို ပင်ထောင်အတိုင်း အလေအလွင့်နည်းပါးစွာ ရိတ်သိမ်းနိုင်ကြ၍ တောင်သူများအဆင်ပြေကြသော်လည်း လက်ရှိမိုးလေကြောင့် စပါးခင်းများ လဲကျကုန်ပြီဖြစ်ရာ စပါးရိတ်သိမ်းခ ပိုမိုကုန်ကျဖွယ်ရှိနေကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

"ရိတ်ခြွေစက်တွေက အရင်နှစ်တွေကလောက် မများဘူး။ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလာရတာတွေ ကန့်သတ်ထားတော့ ရွှေဘိုနယ်ကစက်တွေ ဒီနှစ်ဆင်းမလာနိုင်ဘူး။ ရှိတဲ့စက်တွေကလည်း တစ်ဧကကို ကျပ် ၄၅၀၀၀ ပေးရတာ။ ခုလိုစပါးပင်တွေပြားကုန်တော့ စက်နဲ့ရိတ်ရင် အလေအလွင့်နည်းအောင် ဖြည်းဖြည်းချင်းကောက်ရတာဖြစ်လို့ ဆီပိုကုန်တယ်ဆိုပြီး တစ်ဧကကို ကျပ် ၅၀၀၀ ပိုပေးရတယ်။ ပြီးတော့ ရိတ်ပြီးသားစပါးကို ကိုယ်လိုတဲ့နေရာကို ပို့ခိုင်းရင်လည်း သယ်ခထပ်ပေးရပြန်တယ်။ နွားလှည်းနဲ့ ထော်လာဂျီတွေက လယ်ကွက်ထဲမှာ မရုန်းနိုင်တော့ ရိတ်ခြွေစက်ကိုပဲ သယ်ပို့ခိုင်းရတာပဲ" ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူတစ်ဦးက ပြောကြားသည်။

ရာသီဥတုသာသာယာယာဖြင့် ရိတ်သိမ်းရသည့် စပါးများအနေဖြင့် အရောင်အသွေးလှသဖြင့် စပါးရောင်းချရာ၌ ဈေးနှိမ်ခံရခြင်းမရှိသော်လည်း မိုးမိသောစပါးများသည် အရောင်ပျက်သွားလေ့ရှိပြီး စပါးဝယ်ယူသူပွဲစားများက ဈေးနှိမ်ဝယ်ယူမှုများကြောင့် တောင်သူများအတွက် စပါးတင်းရေများလျှင် များသလောက် နစ်နာမှုများရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် မိုးစပါးများရိတ်သိမ်းပြီးသည့် တောင်သူများအနေဖြင့် နွေစပါးရေမရရှိသည့်ဒေသများ၌ ပဲအမျိုးမျိုးစိုက်ပျိုးရန် ထယ်ရေးပြုပြင်ခြင်းနှင့် မျိုးကြဲပက်ခြင်းများဆောင်ရွက်နေကြပြီဖြစ်ရာ လက်ရှိရွာသွန်းသောမိုးကြောင့် မြေအစိုဓာတ်များလျက်ရှိ၍ လုပ်ငန်းများကို ခေတ္တရပ်နားထားကြရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်ခုနစ်ခုတွင် ဂျုံသီးနှံဧက ၁၁၄၃၀၀ စိုက်ပျိုးသွားမည်

**မုံရွာ အောက်တိုဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဂျုံသီးနှံကို ဧက ၁၁၄၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာတင်မာမာဦး၏ ပြောကြားချက်အရ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဂျုံသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိမြို့နယ်လေးခုတွင် ၁၆၁၂၄ ဧက၊ စစ်ကိုင်းခရိုင်အတွင်းရှိမြို့နယ်သုံးခုတွင် ၅၀၃၅၂ ဧက၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ၁၅၅၃၃ ဧက၊ ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်ငါးခုတွင် ဧက ၂၉၄၂၀၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်တစ်ခုတွင် ၂၇၈၃ ဧက၊ တမူးခရိုင်အတွင်းရှိမြို့နယ်တစ်ခုတွင် ဧက ၂၀၊ ခန္တီးခရိုင်အတွင်းရှိမြို့နယ်တစ်ခုတွင် ၆၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂျုံသီးနှံများ လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပိုးမွှားရောဂါကင်းရှင်းရေး၊ ရေနည်းလိုသီးနှံစိုက်နည်းစနစ်များ၊ သွင်းအားစုများ မျှတစွာသုံးစွဲစိုက်ပျိုးနိုင်ရေးကို စိုက်ခင်းများအရောက် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ဝင်းဦး (ဗေဒါတိုင်း)**

## တာလေမြို့၌ ဆောင်းသီးနှံအမယ်သစ် ကုလားပဲ စမ်းသပ်စိုက်ပျိုးရန် ပညာပေး

**တာလေ အောက်တိုဘာ ၃၁**
တာလေမြို့တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းအပြင် စပါးရိတ်သိမ်းချိန်အပြီးတောင်သူများ၏ ဈေးကွက်လိုလားချက်နှင့် စီးပွားရေးတွက်ခြေကိုက်သည့်သီးနှံများစိုက်ပျိုးခြင်းမှ တောင်သူများ ဝင်ငွေတိုးပွားစေရန် ဆောင်းရာသီသီးနှံ အမယ်သစ် ကုလားပဲစမ်းသပ်စိုက်ပျိုးခြင်းနှင့် တောင်သူအသိပညာပေးခြင်းကို အောက်တိုဘာ ၂၈ ရက်က စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမိုးကျော်စွာဝင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကို၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံဦးရဲဝင်း၊ တာလေမြို့စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးနေလင်းနှင့် ဝန်ထမ်းများက ဆောင်းသီးနှံ ကုလားပဲစိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

တာလေမြို့တွင် ဆောင်းသီးနှံအမယ်သစ် ကုလားပဲစမ်းသပ်စိုက်ပျိုးခြင်းကို စပါးစိုက်ပျိုးထုတ်လုပ်ခြင်းအပြင် မိုးစပါးရိတ်သိမ်းချိန်အပြီး ဈေးကွက်လိုလားချက်နှင့် စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေတိုးပွားစေပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရေးနှင့် ပုံမှန်ဝင်ငွေရရှိစေရန် ကုလားပဲအပြင် ပဲတီစိမ်းနှင့် အခြားပဲသီးနှံများ စမ်းသပ်စိုက်ပျိုး၍ တောင်သူများအား ပြသသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာလေမြို့ဦးစီးမှူး ဦးနေလင်းက ပြောကြားသည်။

**အောင်ကျော်မိုး**
**(ပြန်/ဆက်)**

■

## ပင်လည်ဘူးမြို့နယ်၌ ငါးသယံဇာတတိုးပွားရန် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်

**ပင်လည်ဘူး အောက်တိုဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးစားသုံးမှုမြင့်မားစေရန်၊ ကျေးလက်နေပြည်သူများ ငါးများကို အလွယ်တကူ ရှာဖွေဖမ်းယူစားသုံးနိုင်ရန်၊ မြို့နယ်အတွင်း ငါးသယံဇာတများ တိုးပွားစေရန်၊ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကင်းပန်းကျေးရွာအုပ်စု ကံကုန်းကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးရေးရေလှောင်ကန်အတွင်းသို့ အောက်တိုဘာ ၂၇ ရက်က ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်နောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကာ ကန်အတွင်းသို့ ငါးမြစ်ချင်းငါးသန်ကောင်ရေ ၁၅၀၀၀ စိုက်ထည့်ခဲ့ကြသည်။

ပင်လည်ဘူးမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နေသည့် ငါးမွေးတောင်သူ ၁၅၄ ဦးရှိပြီး ငါးမွေးကန်ဧက ၉၅ ဒသမ ၅၈ ဧက၊ ငါးကန် ၂၀၈ ခု မွေးမြူဆောင်ရွက်ထားရှိကြောင်း၊ လက်ရှိငါးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်နေသူများမှာလည်း အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်ထံမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## မောက်မယ်၌ ခြံစိုက်တောင်သူများအား အသိပညာပေး

**မောက်မယ် အောက်တိုဘာ ၃၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စဥ့်ဆိုင်ကျေးရွာအုပ်စု နားသဲကျေးရွာရှိ ပဲတီစိမ်းခြံသို့ အောက်တိုဘာ ၂၇ ရက်က သွားရောက်၍ တောင်သူများအား ပဲမျိုးစုံသီးနှံများတွင်(ဘိုရွန်) လက်ချား+ယူရီးယား သုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမော်ဦးက တောင်သူများအား (ဘိုရွန်) လက်ချား+ယူရီးယားပြုလုပ်နည်းအဆင့်ဆင့်နှင့် သုံးစွဲနည်းကို အသိပညာပေးဆွေးနွေးဟောပြောပြီး စိုက်ပျိုးရေးဝန်ထမ်းများက နည်းစနစ်များကို အဆင့်ဆင့် လက်တွေ့ကွင်းဆင်းသရုပ်ပြဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်ငူခရိုင်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ငူခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တောင်ငူမြို့ ယိုးဒယားဆည်ပေါက်တည်ဆောက်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများသည် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ မြစ်ကူးတံတားတည်ဆောက်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ သီလရှင် ၃၀၁ ပါးအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ သီလရှင် ၃၀၁ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီက ဇဝနဒီပရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

နှစ်စဉ် မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက်များမှ သီလရှင်များအား ဆွမ်းဆန်တော်များ စီတန်းလောင်းလှူခဲ့ကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် လူစုလူဝေးမဖြစ်စေရန်အတွက် စီတန်းလောင်းလှူခြင်းမပြုဘဲ ကျောင်းတစ်ကျောင်းချင်းစီ သီးခြားဆက်ကပ်လှူဒါန်းခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း သီလရှင်စာသင်တိုက်များရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်းနှင့် နဝကမ္မအသုံးအဆောင်ပစ္စည်းများ အခက်အခဲမဖြစ်စေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း ဓမ္မပါလဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးသန်းစိုးက ပြောကြားသည်။

အဆိုပါ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းခြင်းကို မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက် ၁၀ တိုက်မှ သီလရှင် ၃၀၁ ပါးအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးပိ၊ ငါးခြောက်စသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့၌ ဆင်အကအလှုပြိုင်ပွဲ မကျင်းပသော်လည်း ဆင်အကဖြင့်ဖျော်ဖြေမှုများရှိ

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကအလှုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလဖြစ်သောကြောင့် ဆင်အကအလှုပြိုင်ပွဲမကျင်းပသော်လည်း အောက်တိုဘာ ၃၀ ရက် ညနေ ၄နာရီက ဆင်အကဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့၌ ဆင်အကအလှုပြိုင်ပွဲ မကျင်းပသော်လည်း ကျောက်ဆည်နယ်သူနယ်သား ဆင်အကအလှုပြိုင်ပွဲဝင်ရောက်ခဲ့သူများအနေဖြင့် ရိုးရာဓလေ့ကို ထိန်းသိမ်းခြင်းအနေဖြင့်သော်လည်းကောင်း၊ အစဉ်အလာထိန်းသိမ်းသည့်အနေဖြင့်သော်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆင်အကဖြင့်ဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်ခြင်းကြောင့် ဆင်အကအဖွဲ့အနေဖြင့် ကျောက်ဆည်မြို့မဈေးကြီးကို သုံးပတ်ပြည့်အောင် ဈေးပိတ်ချိန် ညနေ ၄ နာရီကျော်တွင် ဆင်အကများဖြင့် ဈေးထောင့်လေးနေရာ၌ ဥဒိန်နနတ်မင်းကို ဦးတိုက်ရိုသေအကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း ဆင်အကအဖွဲ့ ရွှေအိုးဆင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သက်မောင် (ပြန်/ဆက်)**



## ရခိုင်ပြည်နယ်ရှိ ကျေးရွာများအတွက် ဆိုလာမီးနှင့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေး

**စစ်တွေ အောက်တိုဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်မီးအခက်အခဲရှိသည့် ကျေးရွာများတွင် ဆိုလာပါဝါနှင့် ဆက်စပ်ပစ္စည်းများ၊ ကျေးရွာချင်းဆက်လမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် ဘူးသီးတောင်မြို့နယ်ရှိ သရဖီကျေးရွာတွင် ဆိုလာပါဝါအစုံ ၁၀၀၊ ရသေ့တောင်မြို့နယ်ရှိ အဝတာကျေးရွာတွင် အစုံ ၅၀ နှင့် မြေပုံမြို့နယ်ရှိ ဝက်ကောက်မော်ကျေးရွာတွင် ၂၆ စုံ စုစုပေါင်း ဆိုလာပါဝါ 90W ၁၇၆ စုံကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။



အိမ်သုံးဆိုလာပါဝါများ ထောက်ပံ့ပေးနိုင်သဖြင့် ယင်းကျေးရွာသုံးရွာတွင် နေထိုင်လျက်ရှိသည့် လူဦးရေ ၆၅၀ ကျော်တို့ ဆိုလာမီးသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြောက်ဦးခရိုင် မင်းပြားမြို့နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၁၂၇ သန်းဖြင့် ပန်းမြောင်း-ပြင်ယောင်း ကျေးရွာချင်းဆက် ကျောက်လမ်း (၀/၇) မိုင်အား လုပ်ငန်းများအားလုံး သတ်မှတ်ချက်နှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးခြင်းကြောင့် မင်းပြားမြို့နယ်အတွင်း ကျေးရွာ ၂၂ ရွာမှ အိမ်ခြေ ၃၄၀၀ ကျော်တွင် နေထိုင်သည့် ကျေးလက်နေပြည်သူ ၁၃၀၀၀ ကျော်တို့မှာ ရာသီအချိန်မရွေး သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ ဝမ်းသာနေကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မုံရွာမြို့ ကန်သာယာ ပိုမိုသာယာလှပစေရန် ချင်းတွင်းမြစ်အတွင်းမှရေများ ထပ်မံဖြည့်သွင်း

**မုံရွာ အောက်တိုဘာ ၃၁**

မုံရွာမြို့ ကန်သာယာ ပိုမိုသာယာလှပစေရန် အောက်တိုဘာ ၂၈ ရက်က ချင်းတွင်းမြစ်အတွင်းမှရေများ ထပ်မံဖြည့်သွင်းခဲ့ကြောင်း သိရသည်။

မုံရွာမြို့ မြို့မိမြို့ဖ ဦးမျိုးဝင်းဦးဆောင်၍ မုံရွာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စည်ပင်သာယာအဖွဲ့များက အောင်မြသန်းကုမ္ပဏီမှ ယန္တရားများဖြင့် ရေသွင်းမြောင်းနှင့် ရေတံခါးရှိ အမှိုက်နှင့်မြေများ ရှင်းလင်းခဲ့ကာ ရေသွင်းခဲ့ကြခြင်းဖြစ်သည်။

“ကန်သာယာထဲကို မြစ်ရေသွင်းတာ နှစ်ရက်အတွင်း နှစ်ပေနီးပါးရေမြင့်တက်နေပါပြီ။ စက်လေးလုံးမောင်းတင်ရင် အခုလို နှစ်ပေနီးပါး ကန်ထဲရေရောက်ဖို့ နှစ်လလောက်သွင်းမှရတာပါ။ အခုက နှစ်ရက်နဲ့ နှစ်ပေလောက်ရတာ အများကြီးအကျိုးများစေပါတယ်။ ကန်ထဲရေများလေလေ သန့်လေပါ။ သစ်ပင်ပန်းမန်တွေလည်း ဒီကန်သာယာရေကြောင့် ပိုမိုရှင်သန်လှပပြီး ရေနေသတ္တဝါတွေ ပျော်တာပေါ့။ ကန်သာယာနဲ့အတူ မုံရွာအင်းကြီးတွေရေများမှ ရေတွင်းတွေ၊ မြေအောက်ရေတွေကောင်းမှာပါ”ဟု ဦးမျိုးဝင်းက ပြောကြားသည်။

ကန်သာယာ ရေထု ၄ ပေ ၂ လက်မရှိနေရာမှ ပိတ်ပင်နေသော ရေကာတာအတွင်းရှိ အမှိုက်များ၊ ရေကာတာဂိတ်တံခါးများကို သန့်ရှင်းဖယ်ရှား၍ ရေစတင်သွင်းခဲ့ရာ အောက်တိုဘာ ၃၁ နံနက် ၈ နာရီတွင် ကန်သာယာရေထုသည် ၅ ပေ ၇ လက်မအထိ ရောက်ရှိနေပြီဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေး သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ



**သီပေါ အောက်တိုဘာ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ ရွေးကောက်ပွဲကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ယမန်နေ့ ည ၈ နာရီခွဲက သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးမှာ အရေးကြီးသကဲ့သို့ ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းမှာလည်း အရေးကြီးကြောင်း၊ အဆိုပါ လုပ်ငန်းနှစ်ရပ်ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအပါအဝင် အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသဖြင့် ဆန္ဒမဲပေးလိုသူများ မကျန်စေရန် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိတို့လိုလားသည့် အစိုးရတစ်ရပ်ကို လွတ်လပ်စွာရွေးချယ်မဲပေးနိုင်ရေး အလွန်အရေးကြီးသည့်အပြင် နိုင်ငံတကာစံနှုန်းများ၊ စံငါးချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း။

သီပေါမြို့နယ်တွင် မဲဆန္ဒရှင်ဦးရေ ၁၃၆၀၂၂ ဦးရှိပြီး နိုင်ငံရေးပါတီလေးခုမှဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံပေါင်း ၁၁၁ ရုံ၊ မဲရုံအဖွဲ့ဝင်ဦးရေ ၁၇၂၄ ဦးအနက် ပညာရေးဌာနမှ ၉၄၁ ဦး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ နိုင်ငံရေးပါတီကင်းရှင်းသည့် ဒေသခံပြည်သူ ၇၈၃ ဦး၊ လုံခြုံရေးအတွက် အထူးရဲအင်အား ၁၁၁ ဦးတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေးမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည် ကွင်းဆင်းကြည့်ရှု



**ရေး အောက်တိုဘာ ၃၁**

မွန်ပြည်နယ် ရေးမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည် ဦးဆောင်သောအဖွဲ့သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးဟိန်းလင်းထက်တို့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မိတ်ဆက်စကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဒယ်နီရယ်ကြည် ဦးဆောင်သောအဖွဲ့သည် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ အစင်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် ဇီးဖြူသောင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့အား သွားရောက်ပြီး ကြိုတင်ဆန္ဒမဲပေးရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အသက် ၆၀ နှစ်နှင့်အထက် ဒေသခံပြည်သူများ၏ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရေး(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ညောင်ဦးမြို့နယ်၌ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒမဲလာရောက်ပေး

**ညောင်ဦး အောက်တိုဘာ ၃၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ညောင်ဦးမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးကြသူများသည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းမှစတင်ကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြောင်း ညောင်ဦးမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးမျိုးညွန့်ထံမှ သိရသည်။

ကြိုတင်ဆန္ဒမဲပေးရာတွင် အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးများသို့ လာရောက်ဆန္ဒမဲပေးလျက်ရှိပြီး မလာရောက်နိုင်သည့် သက်ကြီးရွယ်အိုများအတွက် မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များက အိမ်တိုင်ရာရောက် လိုက်လံကောက်ယူလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် မဲရုံပေါင်း ၂၃၆ ရုံ၊ မဲပေးပိုင်ခွင့်ရှိသူ ၂၀၅၉၇၇၊ နိုင်ငံရေးပါတီ ခုနစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး၊ တစ်သီးပုဂ္ဂလ တစ်ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ အောက်တိုဘာ ၂၉ ရက်တွင် ကြိုတင်ဆန္ဒမဲပေးသူ ၄၀၅၀၊ အောက်တိုဘာ ၃၀ ရက်တွင် ၆၈၄၅ ဦး အသက် ၆၀ နှစ်နှင့်အထက်သက်ကြီးရွယ်အိုများ လာရောက်ဆန္ဒမဲပေးခဲ့ကြကာ ယနေ့တွင်လည်း ကြိုတင်ဆန္ဒမဲဆက်လက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ပြန်/ဆက်)**



# ကော့သောင်းမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး

**ကော့သောင်း အောက်တိုဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကြိုတင်မဲပေးနေမှုများကို ယနေ့ နံနက်ပိုင်းက ကော့သောင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်လေးနှင့်အဖွဲ့ဝင်များက ကော့သောင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် သတ်မှတ်မဲပေးကြမည့် မဲရုံများတွင် အသက် ၆၀ နှစ်နှင့်အထက် ပြည်သူများ ကြိုတင်မဲပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိသည့် သတ်မှတ်မဲရုံများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့်သူများအနေဖြင့် ရောဂါပိုးကူးစက်မခံရရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြည့်ရှုစစ်ဆေး အကြံပြုလမ်းညွှန်မှာကြားခဲ့သည်။



ကော့သောင်းမြို့နယ်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ စုတွင် မဲဆန္ဒရှင်စုစုပေါင်း ၁၁၂၆၀၃ ဦးရှိရာ မဲရုံပေါင်း ၇၅ ရုံ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြိုတင်မဲပေးကြမည့် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်ဦးရေ ၁၀၁၄၄ ဦးရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အင်းစိန်မြို့နယ်၌ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ အောက်တိုဘာ ၂၉ ရက်မှစတင်ပြီး အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ လွတ်လပ်စွာ ကြိုတင်ဆန္ဒမဲပေးကြရာ မြို့နယ်အတွင်း (၂၁) ရပ်ကွက်၌ တစ်လမ်းဝင်၊ တစ်လမ်းထွက်၊ တစ်အိမ်တက်ဆင်းအိမ်တိုင်ရာရောက် ရွှေ့လျားစနစ်ဖြင့် လိုက်လံပြီး ကောက်ခံနေသကဲ့သို့ (၂၁) ရပ်ကွက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိရာ နိုဝင်ဘာ ၅ ရက်အထိ ဆန္ဒမဲပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အသက်အရွယ်ကြီးရင့်သူ ကြိုတင်ဆန္ဒမဲပေးကြသူများအပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးမီးဖွားပြီး အမျိုးသမီးများပါ ကျန်းမာရေးနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆန္ဒမဲများ ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် လိုက်လံ၍ ရွှေ့လျားစနစ်ဖြင့် ကောက်ခံသည့် အဖွဲ့များနှင့်လည်းကောင်း ကြိုတင်အစီအမံများဖြင့် သတ်မှတ်ချက်များအတိုင်း ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လင်းထံမှ သိရသည်။

အင်းစိန်မြို့နယ်တွင် မဲရုံပေါင်း ၁၉၆ ရုံရှိရာ စုစုပေါင်း မဲဆန္ဒရှင်ဦးရေ ၂၃၀၀၀၀ ကျော်ရှိပြီး အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင် ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျားကျေးရွာ ၁၄၀ ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၃၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အီတလီအတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ အနက်မှ ယူရို ၂ ဒသမ ၇ သန်းဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျားသည့်ကျေးရွာ ၁၄၀ တွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

- **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းမှ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၀ အိမ်ခြေ ၆၈၅၄ ခန့်ကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိ အောင် ဆောင်ရွက်ပေးလျက်ရှိ**
- **အဆိုပါကျေးရွာများရှိ အများပြည်သူပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း ၁၃၅ ကျောင်း၊ ဆေးပေးခန်း ၄၀၊ ဘာသာရေးကျောင်း ၂၅၇ ကျောင်းနှင့် လမ်းမီးတိုင် ၈၀၂ တိုင်တို့အတွက် အများသုံးဆိုလာစနစ် ၁၂၃၄ စုံကို စီမံကိန်းရန်ပုံငွေမှ အခမဲ့ ထောက်ပံ့ပေးသွားမည်**

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project– NEP) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဓာတ်အားလိုင်း ပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့်သာမက အခြားသောနိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အီတလီအတိုးမဲ့ချေးငွေဖြင့်ဆောင်ရွက်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဝေးလံခေါင်ဖျားကျေးရွာ ၁၄၀ ၌ ကျေးလက်မီးလင်းရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပ) (NEP (Off–Grid))အစီအစဉ်အရ သတ်မှတ်ထားရှိသည့် စီမံကိန်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စီမံကိန်းဧရိယာ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းမှ မြို့နယ် ၁၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၀ အိမ်ခြေ ၆၈၅၄ ခန့်ကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါကျေးရွာများရှိ အများပြည်သူပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း ၁၃၅ ကျောင်း၊ ဆေးပေးခန်း ၄၀၊ ဘာသာရေးကျောင်း ၂၅၇ ကျောင်းနှင့် လမ်းမီးတိုင် ၈၀၂ တိုင်တို့အတွက် အများသုံးဆိုလာစနစ်(Public facilities) ၁၂၃၄ စုံကို စီမံကိန်းရန်ပုံငွေမှ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဧပြီလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်အိမ်သုံးဆိုလာစနစ်များကို ဒေသခံပြည်သူများမှ မိမိပိုင်ပစ္စည်းကဲ့သို့ စနစ်တကျ ကိုင်တွယ်အသုံးပြုစေရန် ရည်ရွယ်၍ ဝပ် ၆၀ ဆိုလာစနစ်အတွက် ငွေကျပ်ငါးသောင်းနှင့် ဝပ် ၁၀၀ ဆိုလာစနစ်အတွက် ငွေကျပ် တစ်သိန်းငါးသောင်း ပြည်သူ့အချိုးကျ အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပြီး ဆိုလာစနစ်တစ်စုံစာအတွက် ကျန်ရှိသည့် တန်ဖိုးကို စီမံကိန်းရန်ပုံငွေမှ ကျခံပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာရှိ အများပြည်သူပိုင် အဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းနှင့် လမ်းမီးတိုင်များကို စီမံကိန်းရန်ပုံငွေမှ ရာနှုန်းပြည့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အိမ်သုံးဆိုလာစနစ်အတွက် ထည့်ဝင်ထားသည့် ပြည်သူ့ထည့်ဝင်ငွေများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝေးလံခေါင်ဖျားသောဒေသရှိ ကျေးလက်နေ အိမ်ထောင်စုများအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းရှိ ကျေးရွာ ၂၁၇ ရွာမှ အိမ်ခြေ ၁၃၅၁၅ အိမ်၊ အများပိုင်အဆောက်အအုံ ၄၆၀ နှင့် လမ်းမီးတိုင် ၉၅၇ တိုင်တို့ကို ဆောင်ရွက်သွားရန်လျာထားပြီး အဆိုပါလုပ်ငန်းများကို နိုင်ငံတကာ အပြိုင်တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**


---

❖ **မြစ်သားမှ**

ထွန်းညှိပူဇော်ခြင်းဖြစ်ကြောင်း၊ မော်လမြိုင်မြို့ရှိ “ကဗျာကဖေး” ဆိုင်တွင် ချိတ်ဆွဲထားသည့် ကဗျာမီးပုံးများကို သဘောကျနှစ်ခြိုက်ပြီး ယခုအစီအစဉ်အား ပြုလုပ်ခြင်းဖြစ်ကြောင်း ပွဲဦးဆောင်ကျင်းပသူ ကဗျာဆရာမ ခင့်မိုးခင်က ပြောသည်။

ပထမအကြိမ်တွင် မီးပုံးပျံခေါင်းစဉ်အောက်၌ မတူညီသော ကဗျာဖွဲ့ဆိုမှုများကိုလည်းကောင်း၊ ဒုတိယအကြိမ်တွင် အချစ်၊ အလွမ်းကဗျာများကိုလည်းကောင်း၊ ယခုတတိယအကြိမ်တွင် အနယ်နယ်အရပ်ရပ်မှ ကဗျာဆရာ ဆရာမများ၏ အမေအတွက် ဖွဲ့ဆိုထားသော ကဗျာများဖြင့် မီးပုံးတစ်လုံးတွင် ကဗျာလေးပုဒ်ဖြင့် မီးပုံး ၁၆ လုံးတွင် ကဗျာပုဒ်ရေ ၆၄ ပုဒ်အား ကဗျာမီးပုံးများပြုလုပ်ကာ သီတင်းကျွတ် အဖိတ်ညနှင့် လပြည့်ညတို့တွင် ညနေ ၅ နာရီမှ ည ၉ နာရီအထိ ထွန်းညှိပူဇော်ထားရှိကာ ကဗျာစိတ်ဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။ **ဆုမွန်(ပြန်/ဆက်)**

---







---

## ဝါလကင်းလွတ် သီတင်းကျွတ်

✳ ဝါလကင်းလွတ်၊ သီတင်းကျွတ်
ထွန်းလွတ်ဆီမီး၊ ထိန်ထိန်ညီး
မီးမြင်းမိုရ်ပွဲ၊ ဆင်ယင်နွှဲ
ပျော်ပွဲကျင်းပ၊ ဝါကျွတ်လ
“မိဘ၊ဆရာ”၊ ကန်တော့ကာ
ကြာပဒုမ္မာပန်း၊ ဖူးပွင့်လန်း
စောင်းတန်းလေးရပ်၊ ပူဇော်အပ်
မြတ်ဗုဒ္ဓလမ်း၊ မျှော်ရည်မှန်း
အေးချမ်းသာကြည်၊ မြန်မာပြည်
စုံညီဆင်နွှဲ၊ ဝါကျွတ်ပွဲ။

✳ စုံညီဆင်နွှဲ၊ ဝါကျွတ်ပွဲ
မောင်လည်းရွှင်ပျော်၊ မယ်လည်းပျော်
နှစ်ဖော်ဆင်နွှဲ၊ ဝါကျွတ်ပွဲ
မခွဲမခွာ၊ အမြဲသာ
မေတ္တာဂဟော၊ သစ္စာခြွေ
မသွေမြဲခိုင်၊ ရာသက်တိုင်
ပေါင်းနိုင်စေကြောင်း၊ ဆုခြွေတောင်း
အောင်ကြောင်းမင်္ဂလာ၊ ဝါကျွတ်မှာ။

✳ အောင်ကြောင်းမင်္ဂလာ၊ ဝါကျွတ်မှာ
မြန်မာပြည်တစ်လွှား၊ ပြည်သူများ
“သုံးပါးရတနာ” ၊ ဆည်းကပ်ကာ
စဉ်လာမပျက်၊ ပူဇော်လျက်
ဖြည့်စွက်ဒါန၊ လှူဒါန်းကြ
ဘဝထိုထို၊ မြတ်ကုသိုလ်
ကိုယ်စီကိုယ်င၊ ပြုသမျှ
အမျှပေးဝေ၊ သာစုခြွေ
မြန်ပြေ(ပြည်)အေးချမ်း၊ ဘေးမသန်း
ငြိမ်းချမ်းပါစေ၊ ဆုမွန်ခြွေ
မသွေပြည့်ဝ၊ လိုတရ
ဝါလကင်းလွတ်၊ သီတင်းကျွတ်.....။

မြင့်မိုရ်ဦး(ပဲခူး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## အမှတ်စဉ်(၁)

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (ပြည်ထောင်စု) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | လုပ်ငန်းတည်နေရာ | Lot No |
|---|---|---|---|---|
| (က) | ထမင်းစားဆောင်(၁)ထပ် RC (၁)လုံး | (၁၀၀'x၄၆'x၁၂') | သထုံ(စိုက်သိပ္ပံ) | Lot.4 |
| (ခ) | ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၂)ထပ်ဆောင်RC(၁)လုံး (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ) | (၅၀'x၄၃'x၂၃') | သထုံ(စိုက်သိပ္ပံ) | Lot.5 |

၂။ တင်ဒါကြေးတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တင်ဒါရောင်းချမည့်ရက် - ၂၈-၁၀-၂၀၂၀ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၁၁-၂၀၂၀ ရက်၊ ၁၆:၃၀ နာရီ
တင်ဒါတင်သွင်းမည့်နေရာ - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

အသေးစိတ်သိရှိလိုပါက ဖုန်း (၀၅၇-၂၂၉၈၀၊ ၀၅၇-၂၄၄၆၀၊ ၀၉-၄၂၅၂၈၀၁၃၁၊ ၀၉-၂၅၅၇၁၆၀၂၅) များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။)

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**မွန်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မော်လမြိုင်မြို့**




## မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ယာဉ်စက်ယန္တရားများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(မြန်မာငွေကျပ်)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | Lot.No |
|---|---|---|---|
| (က) | Dozer (8T-10T)with Ripper | (၂)စီး | Lot(1) |
| (ခ) | Backhoe Loader Backhoe Bucket-0.3m3) (Loader Bucket-1.1m3) | (၁)စီး | Lot (2) |
| (ဂ) | Transporter (Above-15 T) | (၁)စီး | Lot(3) |
| (ဃ) | Mini Backhoe (3.5T) | (၁)စီး | Lot(4) |
| (င) | Three Wheel Roller (12T-15T) | (၃)စီး | Lot(5) |
| (စ) | Wheel Loader (Bucket Size-0.85m3) | (၁)စီး | Lot(6) |
| (ဆ) | Water Bowser (1100 Gal)(5000L) | (၂)စီး | Lot(7) |
| (ဇ) | Garbage Carrier Truck အမှိုက်ကန်(10.5'x5.5'x4') | (၁)စီး (၁၂)လုံး | Lot(8) |
| (ဈ) | Dump Truck(5000Kg) | (၂၅)စီး | Lot(9) |
| (ည) | Sewage Suction Truck(4000L) | (၃)စီး | Lot(10) |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂-၁၁-၂၀၂၀ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၁၂-၂၀၂၀ ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - မကွေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊ မကွေးမြို့။

၃။ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၆၃-၂၀၂၆၂၅၃၊ ၀၆၃-၂၀၂၆၃၉၈၊ ၀၆၃-၂၃၁၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပျောက်ဆုံး

ကျွန်တော် ကိုကြည်သာရွှေသိန်း[၁၂/ရကန(နိုင်)၀၆၈၅၁၃]၏ သင်္ဘောသား II/4 Cert .no(D00105915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-962669060, 09-687320035**

# မူးယစ်ကို
# ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ တိုးချဲ့လမ်းသစ်(၂)လမ်း၊ အိမ်အမှတ်(၁၆၃၇)တွင်နေထိုင်သူ ဒေါ်မိုးမိုးမင်း [၁၂/သကတ(နိုင်)၀၀၂၄၅၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်မှာ-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမင်းနှင့် ဦးမြတ်ကိုကိုရွှေတို့သည် (၁၉၉၃)ခုနှစ်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမင်းနှင့် ဦးမြတ်ကိုကိုရွှေတို့သည် လက်ထပ်ပေါင်းသင်းချိန်မှစ၍ စိတ်သဘောထားတိုက်ဆိုင်ခြင်းမရှိသည့်အတွက် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲရန် ဆန္ဒရှိသောကြောင့် မိဘများ၏ရှေ့မှောက်တွင် ၅-၈-၂၀၁၇ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းစာချုပ်ကို ချုပ်ဆိုပြီးနောက်ပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမင်းနှင့် ဦးမြတ်ကိုကိုရွှေတို့မှ လုံးဝသက်ဆိုင်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမင်း၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငွေကြေးကိစ္စရပ်များကို ဦးမြတ်ကိုကိုရွှေမှ နှောင့်ယှက်ခြင်း၊ ကန့်ကွက်ခြင်း၊ တားဆီးခြင်းများကို မပြုလုပ်ရန်နှင့် အထက်ပါအကြောင်းအရာကိစ္စရပ်များအား ဦးမြတ်ကိုကိုရွှေအနေဖြင့်ပြုလုပ်ခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမင်းမှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိုးမိုးမင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လှိုင်(LL.B,D.B.L,W.I.P.O)(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## မကွေးတိုင်းဒေသကြီး တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး တင်ဒါကော်မတီသည် နတ်မောက်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပိုင်မြေပေါ်တွင် နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)အဆောက်အအုံ ပေ(၆၀x၇၀) RC၊ (၃)ထပ် (ရေ၊ မီး၊ မိလ္လာအပါအဝင်)တည်ဆောက်ရေးနှင့် အခြားဆက်စပ်လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၆၃-၂၀၂၅၀၅၅၊ မကွေးခရိုင်ရုံး၊ ဖုန်း ၀၆၃-၂၆၃၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၄-၁၁-၂၀၂၀ ရက်မှ ၃-၁၂-၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်- - ၃-၁၂-၂၀၂၀ ရက်၊ ၁၆:၀၀နာရီ
(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ - ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး၊ အမှတ်(E-54)၊ ပြည်တော်သာလမ်း၊ မြင်သာရပ်ကွက်၊ မကွေးမြို့

**မကွေးတိုင်းဒေသကြီး တင်ဒါကော်မတီ**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ကယားပြည်နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး (၅၈'x၄၀')R.C ၂ထပ် နှင့် ရေ၊ မီး အပါအဝင် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၃-၁၁-၂၀၂၀ ရက်
(ခ) တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၂-၁၂-၂၀၂၀ ရက်
(ဂ) တင်ဒါပုံစံများရောင်းချမည့်နေရာ - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်ဘဏ်ခွဲ၊ လွိုင်ကော်မြို့။

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို အကြောင်းကြားပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်ဘဏ်ခွဲ၊ ဖုန်း-၀၈၃-၂၂၂၁၄၈၃၊ ၀၉-၄၂၀၇၀၃၇၈၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန
## မြကန်သာပန်းခြံအဆင့်မြှင့်တင်တည်ဆောက်ခြင်း
## လုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ
## Expression of Interest(EOI)ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြကန်သာပန်းခြံ၊ မြေဧရိယာ(၇.၅၈၄)ဧကအား အဆင့်မြှင့်တင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ (၁၀၀%)ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုမည့်ဒီဇိုင်းပုံစံများ၊ အသေးစိတ်စီမံချက်များနှင့်အတူ စိစစ်ရွေးချယ်ရေးကော်မတီအား(Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါမည်။

၃။ အဆိုပြုလွှာများကို ၃၀-၁၁-၂၀၂၀ရက်၊ ညနေ၁၆:၀၀နာရီ နောက်ဆုံးထား၍ ကြီးကြပ်ရေးကော်မတီ(တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနရုံး)သို့ ပေးပို့တင်သွင်းနိုင်ပါသည်။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ **(ဖုန်း-၀၈၁-၂၁၂၂၇၄၁)**

**မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၀

ဒေါ်အေးမြင့် (တရားလို) နှင့် ဦးစိုးလွင် (တရားပြိုင်)

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၂၂၈)နေ တရားပြိုင် ဦးစိုးလွင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးမြင့်က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်(၁၃၈၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါရှိသူတရားလို၏ အဆိုလွှာအား ထုချေရှင်းလင်းရန် မော်လမြိုင်ခရိုင်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် ရုံးသို့သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ကယားပြည်နယ်ပညာရေးမှူးရုံး
## စက်ပစ္စည်းကိရိယာများနှင့် ပရိဘောဂပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(စက်ပစ္စည်း/ပရိဘောဂ) အသုံးစရိတ်ဖြင့် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရုံးများတွင် လိုအပ်သောစက်ပစ္စည်းနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁၀-၂၀၂၀ ရက်မှ ၁၃-၁၁-၂၀၂၀ ရက်အထိ(ရုံးချိန်)
၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၃-၁၁-၂၀၂၀ ရက် (ရုံးချိန်)
၄။ တင်ဒါတင်သွင်းရမည့်နေရာ - ပြည်နယ်ပညာရေးမှူးရုံး၊ကယားပြည်နယ်၊ လွိုင်ကော်မြို့။
၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကယားပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ဖုန်း ၀၈၃-၂၂၄၂၃၇**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## QA/QC လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေး(QA/AC)ငှားရမ်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး။** နေပြည်တော်
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး။
(ဃ) **အကျဉ်းဦးစီးဌာန။** နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(င) မီးသတ်ဦးစီးဌာန။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အဆိုပါလုပ်ငန်းအရည်အသွေးစစ်ဆေးရေး(QA/QC)လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၃-၁၁-၂၀၂၀ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁-၁၂-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး - ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂၁
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ - ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂
(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - ဖုန်း-၀၆၇-၃၄၃၁၃၉၀၊၀၆၇-၃၄၃၁၃၉၅
(ဃ) အကျဉ်းဦးစီးဌာန - ဖုန်း-၀၆၇-၃၄၃၁၄၂၀၊၀၆၇-၃၄၃၁၄၂၆
(င) မီးသတ်ဦးစီးဌာန - ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်သူဇာ[၁၂/ဗတထ(နိုင်)၀၀၀၄၈၉]ကိုင်ဆောင်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၈လမ်း၊ အမှတ်(၇၀/၇၂)၊ ပထမထပ်(ညာ)နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးလှမင်းဦး[၁၂/ကတတ(နိုင်)၀၀၀၀၂၈]တို့သည် ၈-၈-၁၉၉၇ ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီး(၃)ဦး မွေးဖွားခဲ့ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်သူဇာနှင့် ဦးလှမင်းဦးတို့မှ လက်ထက်ပွားပစ္စည်းများအဖြစ် အောက်ဖော်ပြပါ ရွှေ့ပြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ပိုင်ဆိုင်ပါသည်-

၁။ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၈လမ်း၊ အမှတ်(၇၀)၊ ပထမထပ်(ညာ)၊ ပေ(၁၅x၄၀)အကျယ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်၊
၂။ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၉၂)၊ (၄)လွှာ၊ ပေ(၂၅x၆၀)အကျယ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်၊
၃။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်းနှင့် မဟာဗန္ဓုလလမ်းမပေါ်ရှိ အမှတ်(၁၉၈)၊ ဒုတိယအလွှာ၊ ပေ(၁၇x၄၅)အကျယ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်၊
၄။ Toyota Ractis မီးခိုးရောင်၊ 3F/2774(YGN)ကားတစ်စီး၊
၅။ ငွေကျပ်သိန်း(၁၅၀)ဝန်းကျင်ခန့်ရှိ ရွှေထည်လက်ဝတ်ရတနာများ၊
၆။ KBZ ဘဏ်အကောင့်ရှိ နှစ်ဦးပိုင်ငွေသားများ

ဖော်ပြပါပစ္စည်းများကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်သူဇာ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း ကြေညာပါသည်။ အကယ်၍ အထက်ပါ လက်ထက်ပွားပစ္စည်းများကို ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း ပြုလုပ်ခဲ့လျှင် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင်** | **ဒေါ်ခင်စန္ဒာဝင်း** |
| **(စဉ်-၁၂၀၁၇)** | **(စဉ်-၄၆၈၄၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၇၄၀၆**

**အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း**

## ဦးထွန်းအေး (၉၃)နှစ်

**ရာဖြတ်အရာရှိ (ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ် (၄၀၄) ဦးထွန်းအေး သည် ၂၉-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ/ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးစိန်အောင်

**အသက် ( ၉၂)နှစ်**

**ကညွတ်ကွင်း**

**မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

ကညွတ်ကွင်းမြို့နေ (ဦးချမ်းသာ-ဒေါ်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၉၉/၉၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စန်းကြည် (အထက-၂၊ လသာ၊ အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးတင်အောင်မြင့်-ဒေါ်အိအိအောင်(ခေတ္တ-USA)၊ ဦးမိုးဇော်ဝင်း (စန္ဒာမိုးပုံနှိပ်တိုက်)-ဒေါ်ဝင့်ဝင့်အောင် (Alpha World Link Co.,Ltd.)၊ ဦးကျော်စောဟန်(ရော်ဝတီဘဏ်)-ဒေါ်ဆင့်ဆင့်အောင် (Alpha World Link Co.,Ltd.) တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃၁-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဆွမ်း၊ ရေကန် ဒါယကာကြီး**

## ဦးမြအောင်

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ 202(B)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (လင်ရှအိမ်(ခ) ဒေါ်ချို)၏ ခင်ပွန်း၊ ဦးထွန်းလှိုင်-ဒေါ်လေးပို၊ ဦးထွန်းလှဝင်း၊ (ဦးခင်မောင်ကြည်)-ဒေါ်အေးအေးသန့်၊ ဦးလှမိုး-ဒေါ်သင်းမာလာ၊ ဒေါ်သင်းမာလှိုင်တို့၏ဖခင်၊ ဦးဇော်ယျာမင်း-ဒေါ်နုနုဝေ၊ ဒေါက်တာမင်းကိုကို- ဒေါက်တာအေးမြတ်ကေခိုင်၊ မရတနာထွန်း၊ ကိုဖြိုးပြည့်အောင်၊ ကိုမြတ်သူဦး၊ မသန့်သန့်စုစံ၊ မခန့်ခန့်စုစံ(ဆေး-၁၊ တတိယနှစ်)တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးဖြစ်သူသည် ၃၁-၁၀-၂၀၂၀ ရက် ဆာကူရာဆေးရုံ၌ (စနေနေ့) နံနက် ၆:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ နံနက် ၁၁:၀၀ နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**လမ်းဦးစီးဌာန**

**ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး**

**စစ်တွေခရိုင်၊ စစ်တွေမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်တင်ဒါ ခေါ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၁၆-၁၁-၂၀၂၀ ရက် |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၂၆-၁၁-၂၀၂၀ ရက် မွန်းတည့်(၁၂:၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၄-၁၂-၂၀၂၀ ရက်(သောကြာနေ့) မွန်းလွဲ(၁:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေခရိုင် |

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေခရိုင်၊ ဖုန်း-၀၄၃-၂၁၀၆၅ တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မတည်ရင်းနှီးငွေလျှော့ချကြောင်းကြေညာခြင်း

ZUU TECHNOLOGY ELECTRONIC COMPANY LIMITED (Registration No. 125310249) ဒါရိုက်တာအဖွဲ့၏ ၂၇-၁၀-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ ကျပ်သိန်း ၂၀၀ မှ သိန်း ၂၀ သို့ လျှော့ချပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ZUU TECHNOLOGY ELECTRONIC COMPANY LIMITED**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း/၁၈၆၆၃ ဗိုလ်မှူးကြီးကျော်စိုး (ငြိမ်း)**

**အသက်(၅၈)နှစ်**

**တေဇ (၁၁)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်း၊ မစုလှဲ့ဝေ၊ မောင်ရန်မျိုးကျော်တို့၏ဖခင် ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)သည် ၃၁-၁၀-၂၀၂၀ (စနေနေ့) နံနက် ၀၀:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၁)**

**သူငယ်ချင်း မိသားစုများ**

**တနင်္သာရီတိုင်းဒေသကြီး**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ထားဝယ်မြို့တွင် (၃၄'x၃၀') လက်ထောက်ညွှန်ကြားရေးမှူးနေအိမ်(၂)လုံးဆောက်လုပ်ခြင်း၊ လောင်းလုံးမြို့နယ်တွင်(၃၄'x၃၀')အားကစားမှူးနေအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ ပုလောမြို့တွင် (၈၀'x ၃၄') (၄)ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - | ၃-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့)မှ စတင်၍ ရုံးချိန်အတွင်း |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - | တိုင်းဒေသကြီး အား/ကာဦးစီးဌာနရုံး၊ လေယာဉ်ကွင်းလမ်း၊ ဗျောတော၀ရပ်၊ ထားဝယ်မြို့ ဖုန်း-(၀၅၉-၂၃၅၄၂၊ ၀၅၉-၂၃၄၉၆) |
| တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - | (တင်ဒါတင်သွင်းထားသူများအား အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။) |

## ဦးစိန်မြင့်

**တိုင်းရောင်းဝယ်ရေးအရာရှိ (မွန်/ကရင်)**

**(M.P.P.E) (ငြိမ်း)**

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀၁၀-၂၀၁၅)**

**(ကျိုက်ထို မဲဆန္ဒနယ်အမှတ်-၂)(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၈)လမ်း၊ အမှတ်(၉၇၆/က)နေ (ဦးသိန်းဟန်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးသာအေး-ဒေါ်ကွန်ချစ်)တို့၏သားသမက်၊ ဒေါ်အေးအေးချစ် (စာရင်းကိုင်-၃ငြိမ်း) (ဆ.လ.ရ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမင်းသူ (ခ) ဦးကျော်စင်သန့်[ဒုတိယညွှန်ကြားရေးမှူး၊ ကုမ္ပဏီရေးရာဌာနခွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဆိုင်ရာ(O.S.S)တွဲဖက်] - ဒေါက်တာစိုးမြင့်မွန်(သရုပ်ပြ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေး)၊ ဦးတင်ကိုကျော်(Marine Third Engineer)-ဒေါ်စန္ဒာစောဝင်း(Finance Assistant)၊ ဒေါ်နန္ဒာအောင်-ဗိုလ်မှူးဗညားစိုး(လေကြောင်းရန်ကာကွယ်ရေး-ကာကွယ်ရေးဦးစီးချုပ်ရုံး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၅)ယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)

**ကြည်း-၁၈၆၆၃၊ တေဇ(၁၁)**

**CHID Bank (Dy. CAO)**

**အသက်(၅၈)နှစ်**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ နန်းရှေ့ရပ်နေ ဦးထိန်လင်း-ဒေါ်ခင်ထွေးတို့၏ ဒုတိယသား၊ မော်လမြိုင်မြို့ (ဦးရီလှိုင်-ဒေါ်ကြင်မြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ၊ အမှတ်(၂၁)နေ ဒေါ်သီတာ၏ ချစ်လှစွာသောခင်ပွန်း၊ မစုလှဲ့ဝေ၊ မောင်ရန်မျိုးကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဦးစိုးထွန်း၏ညီ၊ ဒေါ်အေးအေးမွန်၊ ဒေါ်မြင့်မြင့်မွန်၊ ဒေါ်တင့်တင့်မွန်၊ ဒေါ်ဖြူဖြူလင်း၊ ဒေါ်ကြူကြူလင်း၊ ဗိုလ်မှူးရဲထွန်းလင်း(ငြိမ်း)တို့၏ ချစ်လှစွာသောအစ်ကိုသည် ၃၁-၁၀-၂၀၂၀ (စနေနေ့) နံနက် ၀၀:၁၂ နာရီခန့်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**




**စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း**




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ရေကန် ဒါယကာကြီး

# ဦးငွေလှိုင်

**Physiotherapist (ငြိမ်း)**

**ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး**

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၇၂)၊ အခန်း (၅-က)နေ ဒေါ်ခင်သန်းထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမင်းဇော်ဦး (ပါမောက္ခ၊ ဆေးပညာဌာန၊ ဆေး-၂ သဃင်္န်းကျွန်းစံပြ ဆေးရုံကြီး)-ဒေါက်တာကေသီခိုင် (တွဲဖက်ပါမောက္ခ၊ သချာင်္ဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်အေးမိစံ (ဖြိုးသန့်ကျော်မီဒီယာ)၊ ဦးအောင်ဇင်မင်း(Resident Surveyor)-ဒေါ်ခင်ကျော့ရီ(ခေတ္တ-စင်ကာပူ)၊ ဦးဝင်းကိုဦး-ဒေါ်ယင်းယင်းအိ(ဖြိုးသန့်ကျော် မီဒီယာ)တို့၏ ဖခင်ကြီး၊ မောင်ကျော်ဆုသွေး၊ မသီရိရွှေဝယ်ဦး၊ မောင်မင်းသုခ၊ မောင်အောင်ဆက်ပိုင်တို့၏ အဘိုးသည် ၃၁-၁၀-၂၀၂၀ (စနေနေ့) နံနက် ၃:၄၅ နာရီတွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးချုပ်နိုင်ဝင်းဇော် (ကြည်း-၂၃၁၀၆)

တော(၁၈)

**အသက်(၅၁)နှစ်**

**ထားဝယ်မြို့**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်၊ အမှတ် (တ/၁၃၃)၊ လေသာလမ်း၊ နှင်းဆီအရိပ်ခြံနေ ဦးကံဝင်း (တပ်မတော်အငြိမ်းစား)၊ ဒေါ်ခင်အုန်းနိုင်တို့၏ သားကြီး၊ ဦးအောင်ထွေး (တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းဦးစီးဌာနမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ ထားဝယ်မြို့)၊ ဒေါ်ခင်ဝင်းမော် (ဦးစီးအရာရှိ၊ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)တို့၏ မောင်၊ ဦးနိုင်ဝင်းကျော်(ရွှေဝယ်စတားကုမ္ပဏီ)၊ ဒေါ်ခင်မေဝင်း(ငွေအင်ကြင်းမြိုင်စားသောက်ဆိုင်၊ မြိတ်မြို့)၊ ပင်လုံအိမ်ရာနေ ကိုသန်းထိုက် (မြိတ်အများပိုင်ကုမ္ပဏီ)၊ ဒေါ်ဖြူဝင်းနှောင်းတို့၏ အစ်ကို၊ ဗိုလ်လောင်းဟိန်းသူရဝင်း (D.S.A)၊ မခင်ရတနာဝင်း၊ မောင်ထွန်းသူရဝင်း၊ မအိမ့်မက်ဖြူတို့၏ ဦးလေးသည် ၃၀-၁၀-၂၀၂၀(သောကြာနေ့) ည ၉:၁၀ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ စစ်အခမ်းအနားဖြင့် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်မေရီခင်စန်း

**အသက်(၇၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုတိုက်နယ်၊ လက်သမားကျေးရွာနေ (ဦးလှတင်(ခ)ဦးဂျိုးသိန်း-ဒေါ်အေးစိန်)တို့၏သမီးလတ်၊ (စောဂေးဖြဲလ်-နော်မလေး)တို့၏သမီးချွေးမ၊ (ဒေါ်သိန်းဟန်)၊ ဒေါ်မကြည်၊ (ဦးသိန်းရွှေမြ)၊ (ဦးမောင်စိုး)၊ (ဦးမောင်သန်း)၊ (ဦးမြင့်ရွှေ)၊ ဒေါ်ခင်သန်းတို့၏ အစ်မ/ညီမ၊ ဒေါ်စီစီလျာ၊ စောသိန်းနိုင်စိုးအေး-နော်မာဂရက်၊ သောမတ်စ်ဂေးဖြဲလ်-ဖီလိုမီနားမချူး၊ အဲလ်ဘက်ဂေးဖြဲလ်-အက်စတာဂေးဖြဲလ်၊ စတီဗင်ဂေးဖြဲလ်- မစုမြတ်အောင်တို့၏မွေးသမိခင်၊ အမှတ်(၄၅၉)၊ ဗဟိုလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးစောဝေလျံ၏ ချစ်လှစွာသောဇနီး၊ မြေး(၇)ယောက်တို့၏အဘွားဖြစ်သူ နော်မေရီခင်စန်းသည် ၃၀-၁၀-၂၀၂၀ ရက်၊ နံနက် ၁:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်အုန်း (စစ်ကွင်း)

**လ/ထ မန်နေဂျာ (ငြိမ်း)**

**အသက်(၇၇)နှစ်**

**သစ်ထုတ်လုပ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်လှ-ဒေါ်သိန်း)တို့၏ သားကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ အမှတ်(၀၀၆)နေ ဒေါ်ကြည်ရှင်၏ ခင်ပွန်း၊ ကိုဝင်းခိုင်-မအေးအေးအုန်း(မြိတ်)၊ ကိုအေးမင်းအုန်း-မသီတာစိုး၊ ကိုစိုးမင်းအုန်း (ညွှန်မှူး၊ န-တ-လ၊ ချင်းပြည်နယ်)-သူဇာအေး (ခရိုင်တရားသူကြီး၊ ဖျာပုံမြို့)၊ ကိုဝင်းမင်းအုန်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးတင်အုန်းသည် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့် (ရာအိမ်မှူး)

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရွှေမြို့ဝင်ဇီးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကုန္တကနှင့် ဘဒ္ဒန္တအာရောဂျတို့၏ ရဟန်းဒါယကာကြီး၊ အောင်ဆန်းမြို့၊ ကန်ဦးကျောင်းလမ်းနေ ဦးအောင်ကြိုင်-ဒေါ်သန်းရင်၊ ဦးအောင်ကြည်-(ဒေါ်မလှိုင်)၊ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်လှမြိုင်၊ ဒေါ်လှကြိုင်၊ သုံးဆယ်မြို့၊ ဒေါ်ဝိကျေးရွာနေ (ဦးမောင်ငွေ)-ဒေါ်ခင်မြင့်၊ ဦးစံမြ-ဒေါ်ညွှန့်ရှင်၊ ဦးညွှန့်-ဒေါ်သန်းငွေ၊ ဦးခင်ထွေး-ဒေါ်ခင်သန်း၊ (ဦးသိန်းအေး-ဒေါ်ညိုအေး)တို့၏ တူ၊ ရွှေနံ့သာစံပြနေ ဦးမြင့်လွင်-ဒေါ်နုနုရီတို့၏ ညီ၊ သုံးဆယ်မြို့နေ ဦးစန်းလွင်-ဒေါ်ကြူကြူလေး၊ ဦးအေးနိုင်-ဒေါ်မြင့်မြင့်အေး၊ မှော်ဘီမြို့နယ်နေ ဦးအောင်မိုး-ဒေါ်ကြည်ကြည်ဝင်း၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်နေ ဦးသန်းထိုက်-ဒေါ်သန်းသန်းအေး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်နေ ဦးစိုးနိုင်-ဒေါ်ဆွေဆွေထွန်းတို့၏ အစ်ကို၊ (ဦးတင်မြ-ဒေါ်ခင်သန်း)တို့၏ သား၊ ဦးအေးစိုး(စာပေစက်ရုံ)-ဒေါ်လွဲ့လွဲ့ဦး(စာပေစက်ရုံ)၊ မောင်တေဇာဖြိုးမြင့်-မသီတာနိုင်၊ မဟေမာန်ဆုတို့၏ ကျွေးသဖခင်ကျေးဇူးရှင်၊ မောင်ဝင်းကျော်ဦး၊ မောင်ဝင်းကျော်ထွေး၊ မအိမြတ်ဖြိုးမြင့်တို့၏ အဘိုး၊ ဒေါ်ချိုမာလွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁၀-၂၀၂၀(ကြာသပတေးနေ့)တွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ၄၂/က/၁၉၂၊ ပိတောက်မြိုင်လမ်းနေ ဒေါ်ချိုမာလွင်၏ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းချွန်

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

**အသက်(၇၉)နှစ်**

(ဒေါ်ခင်ကြွယ်)၏ ခင်ပွန်းဖြစ်သူ ဦးထွန်းချွန် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)သည် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း/ဝန်ထမ်းများ**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

---

**အနိစ္စ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဝတ္ထုတို၊ စာတမ်းဖတ်၊ ဆောင်းပါး၊ သတင်းစာခေါင်းကြီးဆရာကြီး

## ဦးအောင်မိုး

**[ဦးအောင်မိုး (UMFCCI)၊ နေသွေးနောင်၊ မောင်နွယ်တာ]**

**UMFCCI (1990–2000) အလုပ်အမှုဆောင်**

**စစ်/ကိုယ်ရှင် (ငြိမ်း)၊ MITS (ငြိမ်း)**

**Asia Pacific Inspection Agency (Managing Director)**

**အသက်(၈၁)နှစ်**

ပခုက္ကူမြို့နေ [ဝန်ထောက်မင်း ဦးဘညို (သမဝါယမ -ကထိက-ပညာရေး)-ဒေါ်တင့်]တို့၏ သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၁၇)၊ Sea Green Tower၊ R.2(B)နှင့် မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ အမှတ်(၃၈)၊ ရာဇာဓိရာဇ်လမ်းနေ ဒေါ်ခင်စန်းဝင်း(ခ) ဒေါ်ထွေးထွေး (မြန်မာ့အာမခံ-ငြိမ်း)၏ ခင်ပွန်း၊ ဦးဇော်လင်းထွန်း-ဒေါ်ကေခိုင်မိုး၊ ဦးစစ်နောင်-ဒေါ်ရတီထက်၊ ဦးရဲနောင်-ဒေါ်မေစိုးသူတို့၏ဖခင်၊ မအိမ့်ဘုန်းသျှင်(Final Part-I M.B.B.S)၊ မောင်ဘုန်းပြည့်သျှင်၊ မောင်လင်းသစ်ဇော်၊ မောင်ဟိန်းစည်၊ မစံဝင့်ထည်ဝါတို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၁၀-၂၀၂၀(စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဝတ္ထုတို၊ စာတမ်းဖတ်၊ ဆောင်းပါး၊ သတင်းစာခေါင်းကြီးဆရာကြီး

## ဦးအောင်မိုး

**[ဦးအောင်မိုး (UMFCCI)၊ နေသွေးနောင်၊ မောင်နွယ်တာ]**

**UMFCCI (1990–2000) အလုပ်အမှုဆောင်**

**စစ်/ကိုယ်ရှင် (ငြိမ်း)၊ MITS (ငြိမ်း)**

**Asia Pacific Inspection Agency (Managing Director)**

**အသက်(၈၁)နှစ်**

ပခုက္ကူမြို့နေ [ဝန်ထောက်မင်း ဦးဘညို (သမဝါယမ-ကထိက-ပညာရေး)-ဒေါ်တင့်]တို့၏ သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၁၇)၊ Sea Green Tower ၊ R.2(B)နှင့် မြောက်ဒဂုံမြို့နယ်၊ (၃၉)ရပ်ကွက်၊ အမှတ်(၃၈)၊ ရာဇာဓိရာဇ်လမ်းနေ ဒေါ်ခင်စန်းဝင်း(ခ)ဒေါ်ထွေးထွေး (မြန်မာ့အာမခံ-ငြိမ်း)၏ ခင်ပွန်း၊ (ဦးစိုးမင်း)၊ [ဦးမြင့်မောင် (သမဝါယမ)]၊ (ဒေါ်မြင့်မေ)၊ ဒေါ်ခင်ဝင်းသစ်တို့၏ ချစ်လှစွာသော ညီ/အစ်ကို၊ ဒေါ်ဝါဝါရွှေ၊ ဦးကိုကိုနိုင်၊ ဦးသက်နိုင်တို့၏ ဦးလေးသည် ၃၁-၁၀-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဉာဏ်ထွန်း

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၇)နှင့် တာမွေမြို့နယ်၊ မြို့သစ် (၁)လမ်း၊ အမှတ်(၂၆)၊ စတုတ္ထထပ်နေ (ဦးချူလင်-ဒေါ်ခင်သန်း)တို့၏ သား၊ (ဦးမြတင်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်ခင်အေးမာ (တရားလွှတ်တော်ရှေ့နေ)၏ ခင်ပွန်း၊ ဦးမျိုးထွန်းသိန်း-ဒေါ်အေးသက်ထွန်း၊ ဦးဉာဏ်ဖြိုးအောင်တို့၏ ဖခင်၊ မောင်ဇလင်းထွန်း၊ မသံသာထွန်းတို့၏အဘိုး ဦးဉာဏ်ထွန်းသည် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ စေတီ၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းကြည်

**အသက်(၈၃)နှစ်**

**မြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာန (ငြိမ်း)**

**(Ex.E/E NORASIA LINES, S'PORE)**

**မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့**

**အတွင်းရေးမှူး/နာယက(ငြိမ်း)**

**ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မာရုံဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၄၇)၊ ဒုတိယလွှာနေ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးနှင်းကိုဦး-ဒေါ်သိန်းသိန်းဦး၊ ဦးမိုးကိုကို-ဒေါ်ခင်ဖြူဖြူဝင်း၊ ဦးနေမျိုးသူ-ဒေါ်အေးမြင့်ခိုင်၊ ဦးတင်ကိုကို-ဒေါ်ခင်သန်းအေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်ခန့်စည်သူ၊ မောင်စစ်နိုင်မင်း၊ မပန်းမြတ်ခင်၊ မမြတ်သိင်္ဂီကျော်၊ မနှင်းဦးဝေ၊ မဧကရီ၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၈-၁၀-၂၀၂၀ ရက် ည ၉:၄၅ နာရီတွင် (၉၆)ပါးသောရောဂါ ဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်သိန်းတင်(ခ)ဒေါ်နုရ်ဂျဟာန်ဘေဂန်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၈)လမ်း၊ အမှတ်(၁၉/ခ)၊ ငါးလွှာနေ (ဒေါက်တာဦးစိန်)၏ ဇနီး၊ ဦးမြင့်စိန်-ဒေါ်စုစုလှိုင်၊ ဟာဂျီဦးတင်စိန်-ဟာဂျီမဒေါ်စန္ဒာတင်၊ ဟာဂျီဦးလှစိန်-ဟာဂျီမဒေါ်ခင်လေးမြိုင်၊ ဒေါ်မြမြစိန်-ဦးစိုးမိုးအောင်၊ ဦးထွန်းစိန်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) ည ၁၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၁၀-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးစန္နီမွတ်စလင်(ဖ်)ကဗရ်စတာန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လွင်(ခ)ကိုတူး

**(ချည်မျှင်နှင့် အထည်စက်ရုံ-သမိုင်း)(ငြိမ်း)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၈လမ်း၊ အမှတ် (၁၈/A)(ဦးချစ်လွင်)တိုင်းပညာရေးမှူး(ငြိမ်း)-(ဒေါ်ခင်ခင်)အမရပူရ-ဆောင်းဒါးရက်ကန်းကျောင်းအုပ်(ငြိမ်း)တို့၏သားကြီး၊ (ကိုခင်အောင်လွင်(ခ)ညီညီ)၏အစ်ကို၊ မဇာနည်လွင်၊ မောင်တေဇာလွင်၊ မောင်ကျော်စွာလွင်-မဖြိုးပပထွန်း၊ မောင်ရာဇာလွင်-မသင်းသင်းတို့၏ချစ်လှစွာသောဖခင်၊ မြေး(၃)ယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၁၀-၂၀၂၀(အင်္ဂါနေ့)နံနက်(၆:၃၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၎င်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၈)မိုင် ပေါက်စေတီဘုန်းကြီးကျောင်းတွင် ရည်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမောင်

**အသက်(၅၈)နှစ်**

ဦးအောင်နိုင်မောင်မောင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ MICPA)၏ အစ်မဖြစ်သူ ဒေါ်အေးအေးမောင် အသက်(၅၈)နှစ်သည် ၂၈-၁၀-၂၀၂၀ ရက် နံနက် ၃:၃၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း**

# အောက်တိုဘာ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၁၀ တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၁၇၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၁၀) တွေ့ရှိရသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၁-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၆၄) ခု | (၃၃၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၉၁) ခု | (၈၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၀၄၉) ခု | (၇၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၉) ခု | (၁၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၉) ခု | (၄၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၇) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၆) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၉၅၇) ခု | (၄၆၁) ဦး |
| စုစုပေါင်း | (၁၂,၁၇၀) ခု | (၁,၂၁၀) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✻

## အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၃၁

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ)** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုဝင်ဘာ ၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် **MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## မြစ်သားမြို့နယ်၌ ကဗျာမီးပုံးများ ထွန်းညှိပူဇော်



မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မင်းကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမတွင် ယမန်နေ့ ညပိုင်းက ကဗျာမီးပုံးများ ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

ကဗျာမီးပုံးများကို နှစ်စဉ် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်ရှိ ပန်းသီတာဥယျာဉ်တွင် မီးပုံးအလုံး ၄၀၊ ကဗျာပုဒ်ရေ ၂၀၀ ဖြင့် ထွန်းညှိပူဇော်ရာတွင် ယခုဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပန်းခြံအား ပိတ်ထားရသဖြင့် အစဉ်အလာမပျက်စေလို၍ အဆိုပါနေရာတွင် စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ဆက်လက်ရောက်ရှိ




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် အောက်တိုဘာ ၃၁

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။ စာမျက်နှာ ၄ ကော်လံ ၃ သို့ ✪

## ကြေးမုံ ယနေ့ ဖတ်စရာ

စိန်ပန်းသစ္စာ
စာမျက်နှာ » ၆

ကြာစွယ်ကြာရိုး ဘယ်လိုပင်ချိုးချိုး အမျှင်က တန်းတန်း
စာမျက်နှာ » ၁၁

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၌ ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ လေးသိန်းကျော်ရှိ
စာမျက်နှာ » ၁၃

ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်
စာမျက်နှာ » ၁၆